ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင်ထုတ်ဝေသည်။
Established in 1957
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့ (19-6-2014) (၇၇၇၆)

ဒီတာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## မိုးရွာသွန်းမှု

၁၈-၆-၂၀၁၄

| | | |
|---|---|---|
| လောင်းလုံ | ၁၀ ဒသမ ၅၉ လက်မ | |
| ပွေ | ၈ ဒသမ ၃၅ လက်မ | |
| ကိုကိုးကျွန်း | ၅ ဒသမ ၇၉ လက်မ | |
| ထားဝယ် | ၅ ဒသမ ၆၇ လက်မ | |
| မင်းကင်း | ၄ ဒသမ ၀၆ လက်မ | |
| သပိတ်ကျင်း | ၃ ဒသမ ၉၀ လက်မ | |
| ဂန့်ဂေါ | ၃ ဒသမ ၉၀ လက်မ | |
| မိုးကုတ် | ၃ ဒသမ ၈၆ လက်မ | |

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်အောင်မြင်နေမှုများအပေါ် ဥရောပသမဂ္ဂက အသိအမှတ်ပြု ဘက်စုံကဏ္ဍစုံတွင် ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Roland Kobia အား ယနေ့နနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသိုတွေ့ဆုံစဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား နိုင်ငံတကာအဆင့်မီ ရဲတပ်ဖွဲ့တစ်ဖွဲ့ဖြစ်လာစေရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များတွင် ဥရောပသမဂ္ဂက ကူညီဆောင်ရွက်ပေးနေမှုဆိုင်ရာများ၊ ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအား ငြိမ်းချမ်းစွာအတူတကွ နေထိုင်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးနေမှုများ၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်အောင်မြင်နေမှုများအပေါ် ဥရောပသမဂ္ဂက အသိအမှတ်ပြုပြီး ဘက်စုံကဏ္ဍစုံတွင် ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Roland Kobia အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## နွားနောက်မုန်တိုင်းမိုးနှင့် ဆည်ရေပေးဝေမှုကြောင့် ခင်ဦးမြို့နယ်၌ နွေစပါးစော လေးသောင်းကျော်အောင်မြင်ဖြစ်ထွန်း

**ခင်ဦး ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်ဆည်မှ ရေကိုရယူပြီး ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်စသော ခြောက်မြို့နယ်တို့တွင် နွေစပါးဧကပေါင်း သုံးသိန်းခန့် စိုက်ပျိုးထားကြောင်း သိရသည်။

အဆိုပါခြောက်မြို့နယ်ထဲမှ ခင်ဦးမြို့နယ်သည် သဖန်းဆိပ်ဆည်မှလာသော ဆည်ရေများကို ကင်းတပ်ရေလဲဆည်နှင့် ကာဘိုးရေလဲဆည်**(ဓါတ်ပုံ)**မှ ရယူပြီး နွေစပါးစိုက်လယ်မြေဧကပေါင်း ၄၁၃၀၂ ဧက စိုက်ပျိုးကြောင်း၊ ... ရေလုံလောက်စွာ ရေလွှတ်ပေးဝေနေပြီး မတ်လမစတင်စိုက်ပျိုးကာ သင်္ကြန်ကာလမတိုင်မီတွင် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

နွေစပါးစိုက်ခင်းများသည် မေလက မိုးခုနစ်ကြိမ်ခန့် ရွာသွန်းပြီး ဇွန်လက နွားနောက် (Nanauk) မုန်တိုင်းမိုး ရွာသွန်းမှုကြောင့် လည်းကောင်း၊ ဆည်မြောင်းဌာနမှ ဆည်ရေများကို မပြတ်တမ်းအလှည့်ကျပေးဝေမှုကြောင့် လည်းကောင်း၊ **စာမျက်နှာ ၃ ကော်လံ ၆ သို့** ✱

**စာမျက်နှာ ၃ ကော်လံ ၆ သို့** ✱

### နောက်နေ့ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ ... မိုးပိုလာနိုင်သည်။

## မြို့ကလေး-ရန်ကုန် ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်ပြီးစီး

**နေပြည်တော် ဇွန် ၁၈**

မြို့ကလေး-ရန်ကုန် ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် သထုံမြို့နယ် တောကြီးကျေးရွာအနီးတွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့သဖြင့် ဇွန် ၁၃ ရက်မှစ၍ ...ပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြုပြင်မြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် သဘာဝဓာတ်ငွေ့များ ပုံမှန် ...ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကြေးမုံ စာ တည်း အာ ဘော် — ၁၉-၆-၂၀၁၄၊ ကြာသပတေးနေ့**

# မြေကြီးက ရွှေသီးစေဖို့

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ယင်းကဲ့သို့ လယ်ယာကဏ္ဍကို အဓိကအားထားစိုက်ပျိုးသည့်နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို [illegible] မြှင့်လုပ်ဆောင်လျက်ရှိသည်။ မြန်မာတို့၏ မိရိုးဖလာ ရှေးရိုးစဲ လက်မ လယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် ရေတိုရေရှည် စီမံကိန်းများ ဖော်ဆောင်လျက်ရှိသည်။ ယခုအခါ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို အဘက်ဘက်က တိုးမြှင့်ဖြည့်ဆည်းပေးလာသည်ကို တွေ့ရှိရသည်။

တောင်သူလယ်သမားကြီးများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးစရိတ်ချေးငွေများကို ပိုမိုဖြည့်ဆည်းပေးနေသကဲ့သို့ အတိုးနှုန်းများကိုလည်း ယခင်နှစ်ကထက်လျှော့၍ ပေးဆောင်ကြရမည် ဖြစ်သည်။ ယင်းကဲ့သို့ နိုင်ငံတော်မှ တောင်သူများ စုကပျိုးသူနှမများက အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် သာမက စိုက်စရိတ်များကိုလည်း တိုးမြှင့်သုံးစွဲကာ လယ်ယာကဏ္ဍများ ဖြစ်ထွန်းအောင်မြင်စေရန် ကြိုးပမ်းဖော်ဆောင်နေချိန်တွင် စိုက်ပျိုးစရိတ်ချေးငွေများကို အမှန်တကယ်စိုက်ပျိုးကြမည့် တောင်သူများလက်ဝယ်သို့ရောက်ရှိရေးမှာ သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်တွင် များစွာတာဝန်ရှိပါသည်။ အမှန်တကယ် တောင်သူများလက်ဝယ်သို့ ရောက်ရှိရုံမျှမက စနစ်တကျနှင့် တကျ မှန်ကန်ရေးသည်လည်း လွန်စွာမှအရေးကြီးပါသည်။

ထို့ပြင် တောင်သူများဘက်ကလည်း မိမိတို့၏ စိုက်ပျိုးသီးနှံများ အထွက်နှုန်း ကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်ဖြစ်ရေးနှင့် စိုက်ပျိုးချိန်မလွန်စေရေးတို့ကို အထူးအလေးပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ မိုးလေဝသမှ သတိပေးထုတ်ပြန်သည့် မိုးလေဝသခန့်မှန်းချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ နားထောင်ရန် လိုအပ်ပါသည်။ ရှေးရိုးစဲ စိုက်နည်းစနစ်များကိုဖယ်ရှားပြီး ခေတ်မီသည့် စိုက်နည်းစနစ်များကို အစားထိုး စိုက်ပျိုးကြခြင်းဖြင့် အထွက်နှုန်းကောင်းသီးနှံများ ရရှိမည်ဖြစ်သည်။ တစ်ဖက်ကလည်း နိုင်ငံတော်သို့ စိုက်စရိတ်များပြန်ဆပ်ရာတွင် အချိန်မီ အပြည့်အဝ ပြန်ဆပ်ရန် အရေးကြီးပါသည်။

တောင်သူလယ်သမားများ၏ ကန်ထွက်စမ်းအားတစ်မျိုးဖြစ်သည့် ဆန်စပါးတိုးတက်အောင်မြင်စေရန်နှင့် အရည်အသွေးပြည့်မီသည့် ပြည်ပ ပို့ကုန်သီးနှံဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ရမည်ဖြစ်သည်။ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးလုပ်ကိုင်နိုင်ရန် ဖြည့်ဆည်းပေးကြရမည်။ ဘိုးဘွားအမွေအနှစ်ဖြစ်သည့် မိရိုးဖလာလယ်ယာလုပ်ငန်းများ နည်းမျိုးစုံဖြင့် လျော့နည်းလာလျက်ရှိရာ ယင်းယိုပေါက်ကို နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းအဖြေရှာကြရမည်ဖြစ်သည်။ ကန်ထွက်စမ်းအားမြင့်မားစေရန် လယ်ယာမြေ လျော့နည်းလာမှုကို အားလုံးဝိုင်းဝန်းကာကွယ်ကာ တောင်သူများ၏ဘဝကို မြှင့်တင်ကြရမည်ဖြစ်သည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူအဆင့်ဆင့်နှင့် တောင်သူဦးကြီးများကလည်း စိုက်ပျိုးစရိတ ချေးငွေများကို လယ်ယာကဏ္ဍအတွက် အမှန်တကယ် အကျိုးရှိရှိအသုံးချကာ စနစ်တကျစိုက်ပျိုးသွားကြမည်ဆိုပါက မြေကြီးက ရွှေသီးမည့် ရွှေနိုင်ငံကြီးအဖြစ် ပြောင်းလဲဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။ ။

## ရွှေပြည်သာမြို့နယ်၌ မီးသတ်ရေလှောင်ကန်နှင့် စက်ရေတွင်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၈)ရပ်ကွက် အကျိုးပြုရေဂါလန် ၂၀၀၀၀ ဆံ့ မီးသတ်ရေလှောင်ကန်၊ မီးသတ်ပိုက်လိုင်း၊ ပိုက်ခေါင်းများနှင့် စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် [illegible] မြို့နယ် အမှတ်(၈)ရပ်ကွက်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး(ရန်ကုန်မြို့တော်ဝန်)ဦးလှမြင့်၊ တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ရွှေပြည်သာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းတို့က ရေဂါလန် ၂၀၀၀၀ ဆံ့ မီးသတ်ရေလှောင်ကန်၊ မီးသတ်ပိုက်လိုင်း၊ ပိုက်ခေါင်းများနှင့် စက်ရေတွင်း ဖွင့်ပွဲဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အရေးပေါ် [illegible] မြေအောက်မီးသတ်ပိုက်ခေါင်းများမှ အငယ်စားမီးသတ်စက်ဖြင့် မီးငြိမ်းသတ်ပေးနိုင်မှု သရုပ်ပြခြင်းအား [illegible]ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနားက ကျင်းပရာ ရွှေပြည်သာမြို့နယ် [illegible]ပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက မြို့နယ် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျန်ရှိသည့် ရပ်ကွက်များတွင် မီးသတ်ရေလှောင်ကန်များ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူ ဦးကျော်မြအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့်ပြည်သူများက ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို တင်ပြရာ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး(ရန်ကုန်မြို့တော်ဝန်)က မြို့နယ်ဖွံ့ဖြိုးတိုးတက်သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ရေဂါလန် ၂၀၀၀၀ ဆံ့ မီးသတ်ရေလှောင်ကန်၊ မီးသတ်ပိုက်လိုင်း၊ ပိုက်ခေါင်းများနှင့် စက်ရေတွင်းတို့အား ၂၉-၃-၂၀၁၄ ရက်တွင် စတင်တည်ဆောက်၍ ၃၀-၄-၂၀၁၄ ရက်တွင် ပြီးစီးခဲ့ပြီး အလျား ၂၁ ပေ ၉ လက်မ၊ အနံ ၁၇ ပေ ၁၀ လက်မ၊ အမြင့် ၁၂ ပေရှိကာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများစုပေါင်း၍ ငွေကျပ် ၆၂ သိန်းဖြင့် တည်ဆောက်ခဲ့ပြီး အိမ်ခြေ ၃၉၅၃ အိမ်၊ အိမ်ထောင်စု ၄၀၂၅ စုတို့အား မီးဘေးကာကွယ်ရေးအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြော [illegible]းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆိုစာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် မြန်မာစာအဖွဲ့အချိန်ပြည့်အဖွဲ့ဝင်ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်က ဆောင်ရွက်သည်။

အစီအစဉ်အရ စာတမ်းရှင် ပါမောက္ခဒေါက်တာခင်မာထွန်းက " ဆင်းရဲမှုလျှော့ချရေးအတွက် အမျိုးသမီးရေးရာအဖွဲ့များ၏ ဆောင်ရွက်ချက်များ" စာတမ်း၊ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က "မြန်မာအမျိုးသမီးများအပေါ် သတင်းအချက်အလက်နည်းပညာ၏ သက်ရောက်မှု" စာတမ်းနှင့ ပါမောက္ခ ဒေါက်တာမြမြခင်က "မြန်မာအမျိုးသမီးများနှင့် တိုင်းရင်းသားရေးရာလေ့ထတမ်းစဉ်လာများ" စာတမ်းများက ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက စာတမ်းများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြရာ သဘာပတိက အကြံပြုဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက သဘာပတိနှင့်စာတမ်းရှင် သုံးဦးတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲ ၂ နာရီတွင် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး အလှူရှင် ၁၂၈ ဦးတို့က ငွေကျပ် ၂၀၄၄ ဒသမ ၅၇ သိန်းနှင့် တန်ဖိုးငွေကျပ်သိန်း ၁၅၀ ရှိ လူနာတင်ယာဉ်တစ်စီးအပါအဝင် စုစုပေါင်းငွေကျပ် ၂၂၉၄ ဒသမ ၅၇ သိန်းကို ပေးအပ်လှူဒါန်းကြရာ အဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှုန်း နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၀၀၀၀ | ၆၆၀၇၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၀၀၀၀ | ၆၆၀၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၄၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | ၉၇၀. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | ၁၃၁၄. ၃ |
| (ဂ) | တရုတ် | [illegible] | ၁၅၅. ၇၈ |
| (ဃ) | ထိုင်း | [illegible] | ၂၉. ၈၅၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | ၃၀၀. ၁၇ |
| (စ) | [illegible] | တစ်ရူပီး | ၁၆. ၁၁၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | ၉၅၉. ၇၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | ၉၄. ၈၁၀ |
| ([illegible]) | ဩစတြေးလျ | တစ်ဒေါ်လာ | ၉၀၅. ၆၀ |
| ([illegible]) | စင်ကာပူ | တစ်ဒေါ်လာ | ၇၇၄. ၂၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

## နိုင်ငံတာဝန်ကျေပွန်ဖို့ရေး ကျသင့်အခွန်မှန်မှန်ပေး

ပြည်တွင်းရေးရာ

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းသား ကျောင်းသူများအား UHT နို့များတိုက်ကျွေးရေး ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန်** ၁၈

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် မျိုးဆက်သစ်လူငယ်များ ပါဝင်နိုင်ရေးအတွက် ပညာခေတ် Knowledge Age ဖြစ်သည်နှင့်အညီ စွမ်းရည်ပြည့်ဝ ကျန်းကျင်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးရမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် သစ်ဝင်ထိုင်းကျေးရွာရှိ အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေးဖွင့်ပွဲအခမ်းအနားတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နည်းပညာတတ်ကျွမ်းသူများ၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ကလေးငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ပြည့်ဝရန် လိုအပ်ပါကြောင်း၊ အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးခြင်းအား "ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့" ဖြစ်သည့် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် စတင်တိုက်ကျွေးခဲ့ကြောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကျောင်းဖွင့်ရက်တိုင်း နေ့စဉ်နို့တိုက်ကျွေးခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ကလည်း အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နို့တိုက်ကျွေးရေးစီမံကိန်းအား ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် Tetra Pak ကုမ္ပဏီ၊ South and South East Asia ကုမ္ပဏီ၊ CP Meiji ၊ Nestle ကုမ္ပဏီ၊ Alliance Star Engineering ကုမ္ပဏီ လီမိတက်တို့ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက နားနို့နေ့စဉ်သောက်သုံးခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် ဦးနှောက်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာစေမည့် အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် အခြေခံပညာကျောင်းသား ကျောင်းသူများအား UHT နို့များ တိုက်ကျွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းရှိ မူလတန်းကျောင်းသား ကျောင်းသူများအား UHT နို့များ တိုက်ကျွေးကြသည်။

ဆက်လက်၍ ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ နွားနို့နေ့စဉ်သောက်သုံးခြင်းဖြင့် ဉာဏ်ရည် ဉာဏ်သွေးများ တက်မြက်စေသည့်အတွက် နို့စားနွားများ မွေးမြူရန်လိုအပ်ပါကြောင်း၊ နို့စားနွားများ မွေးမြူနိုင်ရေးအတွက် အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၃၀ မှ မူလတန်းကျောင်းသား ကျောင်းသူ ၁၀၀၀၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူလတန်းကျောင်းသား ကျောင်းသူ ၁၇၅၀၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း Tetra Pak ကုမ္ပဏီအစီအစဉ်ဖြင့် အခြေခံပညာကျောင်းပေါင်း ၇၉ ကျောင်းနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အစီအစဉ်ဖြင့် အခြေခံပညာကျောင်းပေါင်း ၂၂ကျောင်းရှိ မူလတန်းကျောင်းသား ကျောင်းသူ ၁၇၅၀၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၅၀၀၀ တို့အား ယနေ့နံနက်ပိုင်းမှစတင်၍ UHT နို့များတိုက်ကျွေးခဲ့ပြီး ပညာသင်နှစ် ပြီးဆုံးသည်အထိ ကျောင်းဖွင့်ရက်တိုင်း ဆက်လက်တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**
**အမိန့်ကြော်ငြာစာ**
**(အမှတ်၊ ၄၀/၂၀၁၄)**
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

**နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၉-၄-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁)ဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များကို အောက်ပါအတိုင်း တိုးချဲ့ဖွဲ့စည်း၍ ယဉ်တဲပါပုဂ္ဂိုလ်များအား အကြံပေးအဖွဲ့အသီးသီးတွင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁)သူရဦးဖြင့်မောင် (အငြိမ်းစားဝန်ကြီး) | အဖွဲ့ခေါင်းဆောင် သာသနာရေးအကြံပေးအဖွဲ့ |
| (၂)ဦးစိန်ဝင်းအောင် (အငြိမ်းစား သံအမတ်ကြီး) | အဖွဲ့ဝင် သာသနာရေးအကြံပေးအဖွဲ့ |
| (၃)ဒေါက်တာဒေါ်နန္ဒသာ (အငြိမ်းစား ဆေးရုံအုပ်ကြီး) | ကျန်းမာရေးအကြံပေးအဖွဲ့ |
| (၄)ဒေါက်တာဒေါ်ရင်ရင်နွယ် (အငြိမ်းစား ယူနီဆက်ဝန်ထမ်း) | အဖွဲ့ခေါင်းဆောင် ပညာရေးအကြံပေးအဖွဲ့ |
| (၅)ဒေါက်တာကျော်ရင်လိုင် | အဖွဲ့ဝင် ပညာရေးအကြံပေးအဖွဲ့ |
| (၆)ဦးတင်တင့်ဦး (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်) | အဖွဲ့ဝင် စီးပွားရေးအကြံပေးအဖွဲ့ |

အမိန့်အရ

**ဇော်သန်းသင်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

## ဘယ်လ်ဂျီယံအခြေစိုက်ခရီးသွားမှတ်တမ်းရိုက်ကူးရေးအဖွဲ့ ရမည်းသင်းမြို့သို့ ရောက်ရှိ

**ရမည်းသင်း ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ လေသာဘုန်းကြီးကျောင်း ပရိဝုဏ်တွင် ဇွန် ၁၈ ရက် နံနက် ၉ နာရီမှစ၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစေမည့် ခရီးသွားမှတ်တမ်းကို နိုင်ငံခြားသားများ လာရောက်ရိုက်ကူးကြသည်ကို တွေ့ရသည်။**(အောက်ပုံ)**

ယင်းအဖွဲ့သည် GOLDEN TRIP TRAVEL & TOURS CO.,LTD. ၏ အစီအစဉ်ဖြင့် ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ECCHO LINE BVEA မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေမည့် PEKING EXPRESS ခရီးသွားမှတ်တမ်း ရိုက်ကူးရေးမထ်ထမ်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး အဖွဲ့ဝင် ၉၆ ဦးပါဝင်သည်ဟု သိရသည်။ ဇွန် ၉ ရက်မှ ၂၁ ရက်အထိ မန္တလေး၊ ပုဂံ၊ မိတ္ထီလာ၊ ပန်းလှရွာ၊ တောင်ကြီး၊ ညောင်ရွှေ၊ နန့်ပန်၊ ရမည်းသင်း၊ ဖိုးကျားဆင်စခန်း၊ ပဲခူး၊ ရန်ကုန်မြို့များနှင့် အချို့နေရာဒေသများတွင် ဒေသခံများ၏ နေအိမ်များ၌ ညအိပ်ရပ်နားပြီး ရိုက်ကူးမည်ဟု သိရသည်။

အဆိုပါအဖွဲ့တွင် နှစ်ယောက်တွဲအဖွဲ့ ရှစ်ဖွဲ့ စုစုပေါင်း ၁၆ ဦးသည် ခရီးသွားဂိမ်းထင် ပါဝင်ပြိုင်ပွဲဝင်ကြပြီး ကိုယ်အဖွဲ့နှင့်ကိုယ် တစ်မြို့မှတစ်မြို့ သတ်မှတ်ထားသော ခရီးစဉ်အတိုင်း ခရီးသည်တင်မော်တော်ယာဉ်စီး၍ ခရီးသွားလာခြင်းဖြစ်သည်။

သထမထပန်းဝင်နေရာသို့ ဦးစာရောက်ရှိသောအဖွဲ့က အနိုင်သတ်မှတ်ပြီး ခရီးသွားဂိမ်းပုံစံမျိုးရိုက်ကူးခြင်း အစီအစဉ်ဖြစ်သည်ဟု သိရသည်။ **လိုင်သန်းတင်(ရမည်းသင်း)**

**✱ ရွှေဖုံးမှ**

သီးနှံဖျက်ပိုးမွှားများကျရောက်မှုနည်းပါးမကြောင့်လည်းကောင်း နှမ်းပင်နှင့်သီးနှံများ အပြိုင်းပြိုင်းထွက်ရှိ၍ ကြာမီ စပါးများရင့်မှည့်ပြီး ရိတ်သိမ်းရတော့မည်ဖြစ်သဖြင့် လယ်သမားများ ဝမ်းသာပီတိဖြစ်နေကြကြောင်း၊ ဆည်မြောင်းဌာနမှလည်း နှမ်းပင်အောင်ရောက် လုံလောက်အောင် ပေးနိုင်သည့်အပြင် လာမည့်မိုးရာသီအတွက် ပျိုးထောင်ရေကိုလည်း ဆက်လက်ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် နှမ်းစပါးများကလည်း စပါးတင်းတစ်ရာလျှင် ကျပ်လေးသိန်းကျော်နှင့် အရောင်းအဝယ်ဖြစ်လိမ့်မည်ဟု မျှော်လင့်နေကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။ **(ရောင်နီတင်ဝင်း)**


One Stop Supplier
THE HOST
HOTEL & RESTAURANT ARTICLES MART
for Hotels & Restaurants

Open Daily : 9AM to 5:30 PM
Add: No.7, Aung Theik Di Road, Mayangone Tsp; Yangon, Myanmar. Ph: 01-662086, 0949282185, 09 31369690, Email : thehost@billionforce.com

# အီရတ်ရှိ အကြီးဆုံး ရေနံချက်စက်ရုံကို ဆွန်နီစစ်သွေးကြွများ တိုက်ခိုက်

ဘဂ္ဂဒက် ဇွန် ၁၈

**[illegible]**

[illegible]

[illegible]

ဝန်[illegible]ချုပ်သည် ဆွန်နီမွ[illegible]လင် ခေါင်းဆောင်များ၊ တဘဒ်ခေါင်းဆောင်များနှင့် အဝ[illegible] အနာဂတ် အမျိုး[illegible]ညီညွတ်ရေးအတွက် အစိုးရတပ်ဖွဲ့ မဟုတ်[illegible] လက်[illegible]ကိုင်အဖွဲ့ များအားလုံး [illegible] တာဝန်ဆို[illegible]က်ကို ရှုပ်မြင်သံကြားမှ [illegible]တ်ပြန်ခဲ့ကြသည်။

သို့သော် [illegible]န်ကြီးချုပ်သည် အီရတ်အမြဲ တမ်းတ[illegible]င့်အတူ လက်တွဲတို[illegible]က်ခိုက်ရန် [illegible] ယိုက်[illegible]တ်စလင်ပြည်သူ့စစ် ဖွဲ့စည်းရေးကို စီစဉ်လျက်ရှိသဖြင့် ၎င်းတို့ တောင်းဆိုခ[illegible] မှာ [illegible]ရှိဖွယ်ရာ မဖြစ်နိုင်ကြောင်း သတင်းများ[illegible] ဆိုသည်။

ဘီ[illegible]

# မလေးရှားအနောက်ပိုင်း ကမ်းလွန်၌ မော်တော်ဘုတ်တစ်စင်း နစ်မြုပ်

တွ[illegible]လာ[illegible]မ်ပူ ဇွန် ၁၈

**အင်ဒိုနီးရှားလူမျိုး ခိုးဝင်လာ[illegible]သူများ လိုက်ပါလာသည့် မော်တော်ဘုတ် တစ်စင်းသည် မလေးရှားနိုင်ငံ အနောက်ပိုင်း [illegible]င်လယ်ကမ်းရိုးတန်းဒေသ၌ ဇွန် ၁၈ရက် အစောပိုင်းက နစ်မြုပ်ခဲ့ရာ ၃၇ ဦး ပျောက်ဆုံးလျက်ရှိပြီး နှစ်ဦးထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။**

ကလေးများ အပါအဝင်ခရီးသည် ၉၇ဦး ခန့် လိုက်ပါလာသော မော်တော်ဘုတ်သည် မလေးရှားနိုင်ငံ၏ အကြီးဆုံးသော ပင်လယ် ဆိပ်ကမ်းဖြစ်သည့် ပို့ကလန်းဆိပ်ကမ်းအနီး တွင် ညသန်းခေါင်ယံဝန်းကျင်က နစ်မြုပ်ခဲ့ သည်။

လူအပြည့်အသိပ် လိုက်ပါလာသော မော်တော်ဘုတ်သည် လှိုင်းလေပြင်းထန်မှု ကြောင့် နစ်မြုပ်ခဲ့ရကြောင်း၊ ၅၈ ဦးကို ကယ် ဝ[illegible]င်ပေးနိုင်ခဲ့ကြောင်း မလေးရှား ပင်လယ် ရေကြောင်း ရဲတပ်ဖွဲ့မှ မိုဟာမက် ဟမ်ဘာလီ က ပြောကြာ[illegible]သည်။

[illegible]မော်တော်ဘုတ်နစ်မြုပ်သည့် နေရာမှာ ပင်လယ်ကမ်းရိုးတန်းမှ မဝေးကွာလှကြောင်း၊ သို့ဖြစ်၍ ပျောက်ဆုံးနေသူအချို့ ရေကူး ခတ်ကာ လွတ်မြောက်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

အသက်ဘေးမှ လွတ်မြောက်[illegible]သူ[illegible]ကို လ[illegible]ဝင်မှုကြီးကြပ်ရေး ဥပဒေအ[illegible] စစ်ဆေး နိုင်ရန် တိန်းသိ[illegible]တာ[illegible]ကြောင်[illegible] ၎င်[illegible]က ပြောကြ[illegible]သည်။

ကယ်[illegible]ယ်ရေလုပ်ငန်းတွင် ရဟတ်ယာဉ် တ[illegible]စင်း [illegible]ဘဉ်ကြီးတစ်စင်းနှင့် မော်တော် ဘု[illegible] ရှစ်[illegible]ပါဝင်ပြီ ပို[illegible]စီပ်တိုက်ရှာဖွေ လျ[illegible]ရှိသ[illegible]

[illegible]က်[illegible]

[illegible]

[illegible]

# ယူကရိန်းအရှေ့ပိုင်း၌ အပစ်အခတ်ရပ်စဲရေး ပူတင်နှင့် ပိုရိုချင်ကိုဆွေးနွေး

မော်စကို ဇွန် ၁၈

**ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ယူကရိန်းသမ္မတ ပီထရိုပိုရိုချင်ကိုတို့သည် ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ အပစ်အခတ်ရပ်စဲရေး ဖြစ်နိုင်ဖွယ်ရာနှင့် ရုရှားဂျာနယ်လစ်နှစ်ဦးသေဆုံးရခြင်း တို့ကို ယမန်နေ့ညနှောင်းပိုင်းတွင် တယ်လီဖုန်း ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်က ဗုဒ္ဓဟူးနေ့တွ[illegible] ကြေ[illegible]သည်။**

ယူ[illegible]ရိ[illegible]နိုင်ငံ [illegible]ရှ[illegible]ပိုင်း၌ တိုက်ပွဲများ ဖြစ်ပွားနေသော န[illegible]တွင် အပစ်အခတ် [illegible]ပ်စဲရေး ဖြစ်နိုင်ဖွယ်ရ အ[illegible]င်းအ[illegible] များကို [illegible]ပြာဆိုခဲ့ကြသည်ပ[illegible] တ[illegible]င်မလင်၏ [illegible]ကြညာ ချက်တွင် ဖော်ပြသည်။

### သေဆုံး

နိုင်ငံအရှေ့ပိုင်း လူဟန့်မြို့အနီးတွင် ရုရှားလိုလားသော ခွဲထွက်ရေးသမားများနှင့် ယူကရိန်းတပ်ဖွဲ့ဝင်တို့၏ တိုက်ပွဲများကြားတွင် ရုရှားအစိုးရရုပ်သံဂျာနယ်လစ်နှစ်ဦး ကျည် သင့်၍ သေဆုံးရခြင်းကို ပူတင်က စိုးရိမ် ပူပန်မှုများ ခံစားရကြောင်းလည်း ပြောဆို ခဲ့သည်။

ပိုရိုချင်ကိုက ၎င်းဂျာနယ်လစ်နှစ်ဦးသေ ဆုံးရခြင်းအတွက် ဝမ်းနည်းစ[illegible]ပြေ[illegible]ကြ[illegible] ခဲ့ပြီး ယင်းဖြစ်စဉ် စုံစ[illegible]စစ်ဆေ[illegible]မှုပြုလု[illegible]မ[illegible] ဖြစ်ကြောင်း၊ [illegible]နယ်လစ်များကို ကာကွယ်[illegible] အတွက် နည်းလမ်း[illegible] ဖြစ်ကြောင် လည်း ပူတင်ကို အ[illegible]

ရိုက်တာ

# ခရုဇ်ဒုံးကျည်သစ် မြောက်ကိုရီးယား ဖော်ထုတ်ပြသ

ပြ[illegible] ဇွန် ၁၈

[illegible]က်ကိုရီယားနိုင်ငံ၌ [illegible]တ်လုပ် [illegible] ရုဇ်ဒုံးကျည် [illegible]သစ်ကို ၎င်နိုင်ငံ၏ ဝါဒဖြန့်ချိ[illegible] ရုပ်ရှင်ဇာတ်ကား [illegible]တွင် ဖော်[illegible]တ်[illegible]သခဲ့ကြောင်း စစ် လက်နက်[illegible] ကျွမ်းကျင်သူများက ပြောကြားသည်။

ယင်[illegible]ခရု[illegible]ဒုံးကျည်သည် ၂၀၀၃ ခုနှစ် အတွင်းက ဖြန့်ကြက်ခဲ့သည့် ရုရှားနိုင်ငံ၏ ကေအိတ်ချ်-၃၅ အမျိုးအစား ဒုံးကျည်နှင့် အလားသဏ္ဍာန်တူသည်ဟု ဆိုသည်။

### ချေမှုန်းနိုင်

အဆိုပါ ဒုံးကျည်သည် တာတိုပစ် ဒုံးကျည်အမျိုးအစားဖြစ်ပြီး ကွန်ပျူတာ ထိန်းချုပ်သော စနစ်အသုံးပြု၍ တိကျသော ပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းနိုင်သည်။ မြောက်ကိုရီးယား လက်ဝယ်ရှိ ဒုံးကျည် များမှာ အများအားဖြင့် အရွယ်အစား ကြီးမားသော တာဝေးပစ် ဒုံးကျည်များ ဖြစ်ကြသည်။ မြောက်ကိုရီးယားနိုင်ငံက [illegible]ာလီးယား လက်နက်စီမံကိန်း အကောင် [illegible]ည်ဖော်နေသ[illegible]ဟု အကြောင်းပြကာ [illegible]မေရိကန်ပြည်[illegible]င်စု၏ ဒဏ်ခတ် [illegible]ယူမှုများဖြင့် [illegible]င်းဝိုင်[illegible]ရသည်။

[illegible]မြ[illegible]က်ကိုရီ[illegible]နိုင်ငံသည် ၎င်း၏ ချူကလီးယားလက်[illegible]စဉ်များ တို[illegible]တ[illegible]ဖွံ့ဖြိုး[illegible]က် [illegible]က်လက် ပြုလုပ်[illegible]သည်ဟု [illegible]နော[illegible]ပ်စုနိုင်ငံ [illegible]က ယူဆ[illegible]က်ရှိကြသည်

ဘီ[illegible]

# အမေရိကန်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရမှု လစ်[illegible]းတစ်ဦးကို ရုံးတင်စစ်ဆေးမည်

ဝါရှင်တန် ဇွန် ၁[illegible]

လစ်[illegible]ာနိုင်ငံ ဘင်ဂါဇီ[illegible]ရှိ အမေရိ[illegible]န် ကော[illegible]င်[illegible]စ်ဝန်ရုံးကို ၂၀၁၂ ခုနှစ်က တိုက်ခိုက်ခဲ့ရာတွင် ဦးဆော[illegible]င်ပါဝင် လှုပ်ရှား[illegible]သူအဖြစ် [illegible]က်ာရသူတစ်ဦးကို မြေတပြင်လယ်ရှိ [illegible]မေရိကန်ရေတပ် စစ်သင်္ဘောတစ်စင်[illegible]ပေါ်တွင် တိန်းသိမ်းထာ ရှိကြောင်း အမေရိကန် တာဝန်ရှိသူမှ[illegible]န် [illegible]၈ ရက်တွင် ပြောကြားကြသည်။

### ရုံးတင်စစ်[illegible]ဆေးမည်

အမေရိကန်[illegible]င်ငံ [illegible]ား သတ်ဖြတ်ခဲ့မှုဖြင့် တိန်[illegible]သိမ်[illegible]ထားရသူမှာ အာမက်အဘု[illegible] ဆိုသူဖြစ်ပြီး လစ်ဗျားနိုင်[illegible]သ[illegible]တစ်ဦးဖြစ်သည်။ [illegible]ဘူ[illegible]တာလာကို [illegible]မေရိကန် တရားရုံးတစ်ရုံးတွင် ရုံးတင်စစ်ဆေးနိုင်ရန် ပြင်ဆင်[illegible]ဆောင်ရွက်လျက်ရှိကြောင်[illegible] ဒ[illegible]မည်မဖော်သူ တာဝန်ရှိသူများက [illegible]ကြားကြသည်။

ဘင်ဂါဇီမြို့ရှိ အမေရိကန်[illegible]င်စစ်ဝန်ရုံး အကြမ်းဖက်[illegible]က်ခိုက်ခံရမှုအ[illegible] အ[illegible]စ်[illegible]သူများကို ဖမ်း[illegible]မိ[illegible]အတွက် အ[illegible]ရက [illegible]ပမ်းလျက်ရှိသည်။ [illegible]ဘူခါတာလာ[illegible] [illegible]ရပ်[illegible]တ[illegible]ဦးကဲ့ ပို့ ရုံးတင်စစ်[illegible]န် အမေရိကန်[illegible]စိုးရ[illegible] စီစဉ်ခြင်းနှင့် ပတ်သက်၍ သံသယပွားရမ[illegible]င်း ရီပတ်ဘလီကန် အမတ အ[illegible]က ဝေဖန်ပြောကြာ[illegible]သ[illegible]

ရိုက်တာ

မြည်တွင်းရေးရာ

# နိုင်ငံတော်အကျိုးပြုသုတေသနလုပ်ငန်းများ ဦးစားပေးလုပ်ဆောင်

**နေပြည်တော် ဇွန် ၁၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇွန် ၁၇ ရက်တွင် မန္တလေးကွန်ပျူတာတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် လက်တွေ့အသုံးပြုနိုင်ရန် Lab ပစ္စည်းများ လုံလုံလောက်လောက်ရရှိနိုင်စေရေး၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ ကောင်းမွန်မှုရှိရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အား ဂရုတစိုက်ဆောင်ရွက်ထားရှိရန် ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဇီဝနည်းပညာသုတေသနဌာန (ကျောက်ဆည်)၌ သုတေသနလုပ်ဆောင်နေသော သုတေသီများနှင့်တွေ့ဆုံကာ သုတေသနလုပ်ငန်းများ လုပ်ဆောင်ရာတွင် နိုင်ငံတော်အကျိုးပြုသုတေသနလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားကြရန် မှာကြားခဲ့ပြီး ဇီဝနည်းပညာသုတေသနဌာန(ကျောက်ဆည်)တွင် ဆောက်လုပ်လျက်ရှိသော တိုးချဲ့ပင်မဆောင်ဆောက်လုပ်ဆဲ အခြေအနေများထို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့်ဆွေးနွေး

**နေပြည်တော် ဇွန် ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျပန်နိုင်ငံ Marubeni Corporation Tokyo Head Office မှ General Manager ဖြစ်သူ Mr. Tetsuro Terasaka နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မွန်ပြည်နယ် သထုံမြို့၌ တည်ဆောက်မည့် Caustic Soda စက်ရုံ၌ Caustic Soda များနှင့် Polyvinyl Chloride (PVC) များ ထုတ်လုပ်ရာ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဥပဒေများပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၈**

မြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းနှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပင်စင်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းနှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဥပဒေများနှင့်စပ်လျဉ်း၍ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လွှတ်တော်ဝင်း (I-7) ပြုလုပ်ခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် The Money Lenders Act, 1945 (Myanmar Act 27,1945, Vol X၊ ဗိုလ်ချုပ်ရန်ပုံငွေ အက်ဥပဒေ (ဥပဒေအမှတ် ၅၇၊ ၁၉၄၈ ခုနှစ်၊ အတွဲ-၉)၊ The Government Securities Act (India Act 10, 1920, Vol III) မြန်မာနိုင်ငံငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ (ဥပဒေအမှတ် ၁၆/ ၀၉၉၀) The Pensions Act (India Act 23, 1871, Vol I) ငွေစုဘဏ်လုပ်ငန်းဥဒေ (ဥဒေအမှတ် ၅/၁၉၉၂)၊ မြန်မာ့အာမခံဥပဒေ (ဥပဒေအမှတ် ၁၀/ ၁၉၉၃ )၊ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (ဥပဒေအမှတ် ၆/၁၉၉၆)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ( ဥပဒေအမှတ် ၇/ ၉၇) စသည် ဥပဒေများနှင့်စပ်လျဉ်း၍ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းကိစ္စများကို ညှိနှိုင်းဆွေးနွေးမများပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ပါတီဥက္ကဋ္ဌ ဒေါက်တာဆန်းဝင်း ခေါင်းဆောင်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ၂၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ခေါင်းဆောင်၍ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်မှ ကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာလူငယ်အဖွဲ့ဝင် ၉၇ ဦး စုစုပေါင်း ၁၂၁ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးစတင်တွေ့နေ့ ကျင်းပနေပုံကို လာရောက်လေ့လာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြို့တွင်းရေမြောင်းများ ပြန်ဆည်တူးဖော်

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော်ကောင်စီ၏ စီမံလမ်းညွှန်မှု၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့ရွာများ သန့်ရှင်းသာယာလှပရေး၊ မြို့ရွာများ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးတို့အတွက် လမ်းများ စနစ်တကျဖောက်လုပ်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ နေပြည်တော် လယ်ဝေးမြို့နယ်တွင် မြို့တွင်းလမ်း လေးလမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ အုတ်ရေမြောင်း ၄ ဒသမ ၃၆ မိုင်၊ ကျောက်စီရေမြောင်း ၁ ဒသမ ၃၄ မိုင်၊ မြေသားမြောင်း ၅ ဒသမ ၈ မိုင်နှင့် Box Culvert ၄၇ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိပြင် မြို့တွင်းရေမြောင်း ပေ ၂၀၉၆၀ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာနေရာသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကျော်ငြိမ်က လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** (၁၀၇)

# ကျင့်ဝတ် နှင့် ဥပဒေ

## ဦးဟန်ညွှန့်(ဥပဒေ)

**အတတ်ဝါကောတ်နတ်ချတ်ကျင့်ဝတ်ကို ဖောက်ဖျက်မိလျှင် သတင်းမီဒီယာသမားကျင့်ဝတ်ကို ဖောက်ဖျက်ရာ ရောက်ပါသည်။ တိကျမှန်ကန်မှုမရှိသော သတင်းကိုဖော်ပြမိ၍ ပြင်ဆင်ရန်လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသော စာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံးအချိန်၌လည်းကောင်း အမြန်ဆုံးဖော်ပြရမည့်ကျင့်ဝတ်ရှိပါသည်။ ဥပဒေအခန်း (၉) ပြစ်မနှင့် ခြစ်ဒဏ်များနင် အကျုံးဝင်ပါထ တရားရုံး၏ ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ပါသည်။**

### ကွာခြားမှု

"ကျင့်ဝတ်"ဆိုတာ ဘာလဲ။ "ဥပဒေ" ဆိုတာ ဘာလဲ။ ကျင့်ဝတ်နှင့် ဥပဒေ ဘယ်လိုကွာခြားသလဲ။ အတူတူပဲလား။ ကွာခြားတယ်ဆိုလျှင် ဘာကြောင့်လဲ။ ဘယ်လိုသက်မှတ်ချက်တွေရှိသလဲ။ တရားဥပဒေစိုးမိုးရေးကဏ္ဍအတွက် မည်သို့ကျင့်သုံးသင့်သလဲ။ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကိစ္စတွေမှာရော ကျင့်ဝတ်မရှိဘူးလား။ တရားဥပဒေလက်တွေ့နယ်ပယ်များတွင် မည်သို့ဖော်ဆောင်နေကြသလဲ။ လေ့လာသုံးသပ်သင့်ပါသည်။

### ကျင့်ဝတ်ဟူသည်

"ကျင့်ဝတ်"ဟူသည် ကိုယ်ကျင့်တရားပင် ဖြစ်ပါသည်။ ကိုယ်ကျင့်တရားဟုဆိုရာတွင်လည်း ကောင်းမြတ်သော ကိုယ်ကျင့်တရားဖြစ်သင့်သည်။ မြစ်ရမည်။ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ တရားနှင့်မတရား၊ ဓမ္မနှင့် အဓမ္မ ခွဲခြားရမည်။ စိတ်သဘောသန့်ရှင်းခြင်းသည် အဓိက။ စိတ်သည် စင်ကြယ်ရမည်။ ကြည်လင်ရမည်။ အများသူငါ ကြိုဆိုရမည်။ မြင့်မြတ်သော ကောင်းမြတ်သော ကိုယ်ကျင့်တရားသည် ကျင့်ဝတ်ဖြစ်သည်။

### ဥပဒေ

"ဥပဒေ"ဟူသည် အမိန့် ညွှန်ကြားချက်၊ စည်းကမ်းဖြစ်သည်။ "တရားဥပဒေ" ဟူသည် မှန်ကန်သော၊ တရားသော အမိန့် ညွှန်ကြားချက်၊ စည်းကမ်းဖြစ်သည်။ တစ်နည်းအားဖြင့် လူ့စည်းကမ်း၊ လူ့စည်းမျဉ်းဖြစ်သည်။ တရားမျှတမှုအတွက် တန်ဖိုးသတ်မှတ်ချက်လည်းဖြစ်သည်။

### သီလ

"သီလ"ဟူသည်တာ ကာယကံ၊ ဝစီကံတို့ကို လုံခြုံစွာ စောင့်ထိန်းမှုဖြစ်သည်။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ အနာရောဂါကင်းခြင်းတို့ကို ရရှိနိုင်သည်။ သီလသည် မကောင်းမှုကို ရှောင်ကြဉ်ခြင်းလည်းဖြစ်သည်။ သီလမကျိုးရ၊ မပေါက်ရ၊ မပြောက်ရ၊ မညစ်ညူးရ။ စာရိတ္တသီလပြည့်စုံရ၏။ ကျင့်ဝတ်သီလဟု ဆိုနိုင်ပါ၏။

### စောင့်ရှောက်ထိန်းသိမ်းခြင်း

မိမိ၏ အကျင့်သီလကို အမြဲစောင့်ရှောက်ထိန်းသိမ်းအပ်သည်။ ရစ်မသည် မိမိအသက်ကိုစွန့်၍ ဥက္ကာ စောင့်ရှောက်သကဲ့သို့ စာမရီသားကောင်သည် အသက်ကိုစွန့်ပြီး မိမိ၏ အမွေးအမင်ကို စောင့်ရှောက်သကဲ့သို့ သားတစ်ယောက်တည်းသာရှိသောသူသည် မိမိ၏ တစ်ဦးတည်းသောသားကို ယုယယုယ စောင့်ရှောက်သကဲ့သို့ မျက်စိတစ်ဖက်ကန်းသူသည် ကျန်သော မျက်စိတစ်ဖက်ကို ယုယယုယ စောင့်ရှောက်သကဲ့သို့ ထိုအတူ သီလကို စောင့်ရှောက်ထိန်းသိမ်းအပ်သည်။ အကျင့်သီလ၊ ကျင့်ဝတ်သီလစောင့်ထိန်းခြင်း၊ ဂရုပြုခြင်း၊ လိုက်နာခြင်းသည် အများသူငါ ကြည်ဖြူ၏။ လေးစားပါ၏။

### ပြည်သူ့နီတိ

"နီတိ" သည် ပါဠိစကားဖြစ်သည်။ လမ်းညွှန်ခြင်း၊ လမ်းညွှန်ချက်၊ လမ်းညွှန်ဆုံးမစကားဟု အဓိပ္ပာယ်ဖွင့်သည်။

(မြန်မာအဘိဓာန်အကျဉ်းချုပ် စာ-၂၀၅)

**"ပြည်သူ့နီတိ"**ဟူသည် ပြည်သူအပေါင်း၏ လိုက်နာရသော လမ်းညွှန်ချက်များ၊ ဆုံးမစကားများဟု အဓိပ္ပာယ်ရသည်။ ကျင့်ဝတ်၊ စည်းကမ်း၊ စည်းမျဉ်း၊ နည်းစသည်တို့သည် အများပြည်သူတို့အတွက် ထိန်းသိမ်းအပ်သော ကျင့်စဉ်များဖြစ်သည်။ အကျင့်သီလများ စောင့်ထိန်းခြင်းလည်းဖြစ်သည်။

### အလွှာအသီးသီး

လူ့ဘောင်လောက အလွှာအသီးသီးတွင် သူ့စည်း၊ သူ့ကမ်းများရှိသည်။ ကျင့်ဝတ်များရှိသည်။ အလွှာအသီးသီး ကျင့်ဝတ်အသီးသီးရှိကြစမြဲ၊ ထိန်းသိမ်းကြစမြဲ။ ကိုယ့်ကျင့်ဝတ်၊ ကိုယ့်သိက္ခာ၊ ကိုယ့်သမာဓိ အစဉ်သတိရှိကြသည်သာ ဖြစ်သည်။ တရားသူကြီးမှာ တရားသူကြီးကျင့်ဝတ်၊ ရှေ့နေမှာ ရှေ့နေကျင့်ဝတ်၊ ဆရာဝန်မှာ ဆရာဝန်ကျင့်ဝတ်၊ တပ်မတော်သားမှာ တပ်မတော်သားကျင့်ဝတ်၊ ရဲတပ်သားမှာ ရဲကျင့်ဝတ်၊ ကျောင်းဆရာမှာ ကျောင်းဆရာကျင့်ဝတ်၊ ကျောင်းသားမှာ ကျောင်းသားကျင့်ဝတ် စသည် စသည် ရှိကြသည်။

### ရှေ့နေကျင့်ဝတ်

ရှေ့နေကျင့်ဝတ်သိက္ခာဟူသည် အသိတရားနှင့် ယှဉ်၍ ထားရှိသင့်သော ကိုယ်ကျင့်တရားဖြစ်သည်။

**(၁၉၉၆ ခုနှစ်မြန်မာနိုင်ငံစီရင်ထုံး စာ-၃၁)**

ရှေ့နေရှေ့ရပ်များသည် ဥပဒေပညာရှင်များ ဖြစ်ကြသည်။ ဥပဒေပညာတတ်ကျွမ်းသူများဖြစ်၍ တရားဥပဒေကို ပိုမိုသိကြသည်။ ပိုမိသိသလို၊ ပိုမို၍ ဥပဒေကိုစောင့်ထိန်းအပ်သည်။ မကောင်းမှု၊ မမှန်ကန်မှု၊ မတရားမှုများကို ရှေ့နေရှေ့ရပ်များက တုန်းလှန်ကြသည်။ တရားမျှတမှုရရှိအောင် ဥပဒေကိုကျင့်သုံးကြသည်။ တရားရုံးရှေ့တွင် အမှုများ လိုက်ပါကြရသည်။

### တရားသူကြီးများကျင့်ဝတ်

တရားသူကြီးများကား ဆိုဖွယ်ရာမရှိ။ တရားဥပဒေ၏ အနှစ်သာရကိုဖော်ဆောင်သူများဖြစ်ကြ၏။ တရားဥပဒေ၏ အခြေခံသဘောတရားကို လက်ကိုင်ထားကြ၏။ မုန်းသူကို နာစေ၊ ချစ်သူကို သာစေ မဖြစ်စေအပ်။ အဂတိတရား မလိုက်စားအပ်။ သစ္စာတရားလက်ကိုင်ထား၍ ဥပဒေနှင့်အညီ တရားစီရင်အပ်၏။

### သတင်းမီဒီယာသမားကျင့်ဝတ်များ

**သတင်းမီဒီယာဥပဒေ၊ အခန်း(၄)၊ ပုဒ်မ(၉)တွင် သတင်းမီဒီယာသမားများ လိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များကို ဖော်ပြထားပါ၏။ အချက်(၉)ချက်ရှိသည့် အနက် အောက်ပါအချက်တစ်ချက်ကို ကောက်နုတ်တင်ပြလိုပါ၏။**

**(ဆ) အများပြည်သူ၏ အကျိုးစီးပွားနှင့် စပ်ဆိုင်သည့် သတင်းရေးသားခြင်း မဟုတ်လျှင် ပုဂ္ဂိုလ်ထိစ်ဦး၊ အဖွဲ့အစည်းတင်ခု၏ ဂုဏ်သိက္ခာကိုတမင်ထိခိုက်စေသော အရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုး ဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း**

> **လူ့ဘောင်လောက အလွှာအသီးသီးတွင် သူ့စည်း၊ သူ့ကမ်းများရှိသည်။ ကျင့်ဝတ်များရှိသည်။ အလွှာအသီးသီး၊ ကျင့်ဝတ်အသီးသီးရှိကြစမြဲ၊ ထိန်းသိမ်းကြစမြဲ။ ကိုယ့်ကျင့်ဝတ်၊ ကိုယ့်သိက္ခာ၊ ကိုယ့်သမာဓိ အစဉ်သတိရှိကြသည်သာ ဖြစ်သည်။**

### ဆရာဝန်ကျင့်ဝတ်

ဆရာဝန်များမှာလည်း ကျင့်ဝတ်ရှိသည်။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေနှင့်အညီ ကျင့်သုံးသည်။ မြန်မာနိုင်ငံဆေးကောင်စီသည် ဆရာဝန်များ၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်သည်။ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့် သက်ဆိုင်သည့်အဖြင့် ဆရာဝန်အဖြစ်ကလည်း ဆက်လက်ထမ်းဆောင်ရန်မသင့်တော် ကောင်စီက သတ်မှတ်သည် ဖြစ်မှု တစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို ခံရခြင်း တွေ့ရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရပါသည်။

### တိုင်းရင်းဆေးဆရာ ကျင့်ဝတ်

တိုင်းရင်းဆေးဆရာများမှာလည်းကျင့်ဝတ်ရှိသည်။ ကျင့်ဝတ်နှင့်စည်းကမ်းများကို တိုင်းရင်းဆေးကောင်စီက သတ်မှတ်ပေးသည်။ ကျင့်ဝတ်နှင့် စည်းကမ်းများကို ဖောက်ဖျက်သောတိုင်းရင်းဆေးဆရာများအား တိုင်းရင်းဆေးကောင်စီက အရေးယူခွင့်ရှိပေသည်။ အရေးယူခြင်းဟုဆိုရာတွင် သတိပေးခြင်း၊ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊ တားဖြစ်ချက်ကို ဖောက်ဖျက်ပါက တရားစွဲအရေးယူခြင်းတို့ပါဝင်သည်။

### စာရေးဆရာကျင့်ဝတ်

စာရေးဆရာများမှာလည်း ကျင့်ဝတ်ရှိသည်။ အသင်းဝင်ဖြစ်လျှင် အသင်း၏စည်းမျဉ်းကို လိုက်နာရမည်။ မလိုက်နာလိုလျှင် အစကတည်းက အသင်းမဝင်သင့်။ ဥပမာဆိုပါစို့။ မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ အသင်းဝင်မည်လား။ အသင်းဝင်မည်ဆိုပါက အသင်း၏စည်းမျဉ်းကို လိုက်နာရမည်မှာသေချာသည်။ မြန်မာနိုင်ငံစာရေးဆရာဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစာအုပ် စာမျက်နှာ ၁၆ တွင် လိုက်နာရမည့် စည်းကမ်းများ ဖော်ပြထားသည်။ အသင်းဝင်တိုင်းလိုက်နာရမည့် စည်းကမ်း ၁၁ ချက်ရှိသည်။ ယင်းတို့အနက် "အသင်း၏ ညီညွတ်ရေး ပျက်ပြားစေမည့် လုပ်ရပ်များနှင့် အသင်းအတွင်းစည်းလုံးညီညွတ်မှု ပျက်ပြားစေမည့် အပြောအဆို၊ အပြုအမူ၊ အကျင့်အကြံများကို လုံးဝမပြုလုပ်ရ" ဟူသောအချက်။ ထို့ပြင် "တစ်ဦးကောင်း တစ်ယောက်ကောင်း ဦးဆောင်မဖြစ်စေဘဲ အသင်း၏ ဦးဆောင်မှု၊ စုပေါင်းဦးဆောင်မှုဖြင့်သာ စာရေးဆရာ အသင်းဆိုင်ရာ ကိစ္စအဝဝဆောင်ရွက်ရမည်" ဟူသော အချက်။ ဤတာဝန်၊ ဤကျင့်ဝတ်များကို လိုက်နာပေရမည်။ ကျင့်ဝတ်ထက်တစ်ဆင့်တက်၍ ပြစ်မှုကျူးလွန်လာလျှင် တရားဥပဒေက လက်ပိုက်ကြည့်မနေ။ မလွဲမသွေ အရေးယူရပေသည်။ အယုတ်အလတ်၊ အမြတ်မရွေး၊ တရားဥပဒေက မျက်နှာလိုက်မည်မဟုတ်ချေ။ ကျင့်ဝတ်ကို စောင့်ထိန်းနိုင်လေလေ ဖြစ်မှုလျော့နည်းလေလေဖြစ်မည်။ ကျင့်ဝတ်ဖောက်ဖျက်ရုံနှင့် အလွန်ကြီးလေးသောပြစ်ဒဏ်မကျနိုင်သော်ငြား လူမှုအသိုက်အဝန်းကြားမှာဖြင့် မျက်နှာထားစရာမရနိုင်။

### မှုခင်းလျော့နည်းကျဆင်းရေး

မှုခင်းများ လျော့နည်းကျဆင်းဖို့ လိုသည်။ တရားဥပဒေစိုးမိုးရေး အဓိကကျသည်။ ရပ်ရွာအေးချမ်းသာယာရေး အလေးပေးသည်။ ကျင့်ဝတ်စည်းကမ်းများ ထိန်းသိမ်းနိုင်လေလေ တရားဥပဒေ စိုးမိုးလေလေဖြစ်မည်။ ကျောင်းမှာ ကျောင်းစည်းကမ်း၊ ရပ်ကွက်မှာ ရပ်ကွက်စည်းကမ်း၊ မြို့နယ်မှာလည်း မြို့နယ်စည်းကမ်း စသည်ဖြင့် ဥပဒေစည်းကမ်းလိုက်နာ ဘေးကင်းကွာသည်။ ပြည်သူပြည်သားတိုင်း ပြည်သူ့နီတိစောင့်ထိန်းသည်။ ကျင့်ဝတ်လိုက်နာကြသည်။ နိုင်ငံကြီးသား ပီသကြသည်ဆိုလျှင် ရပ်ရွာအေးချမ်းသာယာမည် အမှန်ဖြစ်သည်။ တစ်ဦးချင်းမစ၍ အများအထိ တိတိကျကျ စံပြဖြစ်ပါစေသည်။ ကျင့်ဝတ်နှင့် ဥပဒေသည် အစဉ်အမြဲဒန်တွဲဆက်စပ်နေပေသည်။

### သတိ

သတိပဋ္ဌာနတရားတွ၌ "သတိ" သည် လွန်စွာအားရှိပေ၏။ စိတ်ကိုပိုင်နိုင်စွာ အစိုးရပေ၏။ တစ်စုံတစ်ခုသော ဆန့်ကျင်ဘက်တရားကြောင့် လှုပ်ရှားခြင်းမရှိ။ ထိုကြောင့် ထိုသတိသည် သတိန္ဒြေမည်၏။ သတိဗိုလ် လည်းမည်၏ဟူ၍ (ဗုဒ္ဓဘာသာတရားတော်၊ စာ-၄၂၈) (အထက်တန်းအဆင့်စာအုပ်)တွင် ဖတ်ရှုမှတ်သားရပါ၏။ သတိတရားလက်ကိုင်ထားခြင်းဖြင့် အနည်းနှင့် အများ အမှားကင်းနိုင်ပါ၏။ ကျင့်ဝတ်ကို ပိုမိစောင့်ထိန်းနိုင်တတ်ပါ၏။ ကျင့်ဝတ်ကို ပိုမိစောင့်ထိန်းသည်နှင့်အမျှ တရားဥပဒေလိုက်နာမှု ပိုမိုထိရောက်ပါ၏။ ပြည်သူ့ရေးရာများ စီမံခန့်ခွဲနိုင်မည် မချဖြစ်ပါ၏။

### အမှုတစ်ရာ

အသက်တစ်ရာ မနေရ၊ အမှုတစ်ရာ တွေ့ကြုံတတ်ပါ၏။ "လောက၏ သဘော"ဟု ပြော၍ရမည်ထင်ပါ၏။ မထင်မှတ်ဘဲ ဖြစ်မှုစည်းဝိုင်းထဲ ရောက်တတ်ကြပါ၏။ ထိန်းသိမ်းသည်ကြားက ပေါက်ကွဲသည်များလည်း ရှိတတ်ကြပါ၏။ တရားခံများ ရစ်ပတ်ဖွဲ့နှောင်ထားသော်ငြား လူသားပီပီမှားတတ်ကြပါ၏။ အမှားမှ အမှန်၊ အမှန်မှ တရား၊ သစ္စာစကားများဖြင့်သာ အေးချမ်းမှု ပြုကြစမြဲပါ။ တင်းကျပ်မှုကို မည်သူမျှလိုလားလက်ခံကြမည်မဟုတ်။ လွတ်လပ်မှုကိုကား အကန့်အသတ်မရှိ ဖြတ်နိုးတတ်ကြ၏။ စဉ်းစားကြည့်တိုင်း၊ တွေးခေါ်ကြည့်တိုင်း "ဓမ္မ"နှင့် "အဓမ္မ"ဖြင့်သာ အဆုံးသတ်ကြရပေသည်။ မြင့်မြတ်သော၊ ကောင်းမြတ်သော၊ အများက လက်ခံသော ကိုယ်ကျင့်တရားသည်သာ ကြည်နူးမြတ်နိုးဖွယ်ဖြစ်ပါပေ၏။ ကရုဏာ၊ မေတ္တာတရားများ၊ ကိုယ်ကျင့်သိက္ခာကောင်းများဖြင့် ဖြစ်မှုများ လျော့နည်းစေမည်ဟု ယုံကြည်မိပါ၏။

### စေသနာ

အမှုအခင်းမဖြစ်ပွားစေလိုပါ။ တရားရုံးတွင် တရားလို တရားခံအဖြစ် အမှုမရင်ဆိုင်လိုပါ။ သောကမီး မတောက်လောင်လိုပါ။ ကောင်းမြတ်သော ကိုယ်ကျင့်တရားဖြင့်သာ အေးချမ်းသာယာမှုကို တောင်တမိပါ၏။

### တင်ပြချက်

အမှုအခင်းများ၊ ပုဒ်ထိုးပုဒ်မများ၊ ဥပဒေအရ တရားစွဲဆို အရေးယူမှုများကို ဖြယ်ကျော်သွားနိုင်ကြပါစေ။ စင်ကြယ်သောစိတ်၊ ကြည်လင်သောစိတ်၊ အများသူငါ မေတ္တာပွားသောစိတ်ကို အခြေခံသည့် ကိုယ်ကျင့်တရား၊ ကျင့်ဝတ်များ ပွားများစောင်ထိန်းကြပါက တရားဥပဒေ စိုးမိုးရေးသည် အလှမ်းမဝေးမည်ဖြစ်ပါကြောင်း။ ။

the 2nd education & career 2014
ဒုတိယအကြိမ်ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၄
ပြပွဲဖွင့်ပွဲနေ့ ပထမဆုံးကြွရောက်လာသူ အယောက်၁၀၀အတွက် အထူးမေတ္တာလက်ဆောင်
ပြပွဲအား Tone Plus မှအဓိကပံ့ပိုးကူညီပေးထားပါသည်။
www.events-educationandcareer.com
Online Register ပြုလုပ်ခြင်းဖြင့်မေတ္တာလက်ဆောင်များရယူနိုင်ပါသည်။ (ပထမဆုံး၂၀၀ဦးသာ)
တပ်မတော်ခန်းမ
ဇွန်လ ၂၀မှ ၂၂ရက်၊ ၂၀၁၄ခုနှစ်

ပြည်သူ့လွှတ်တော် အစည်းအဝေး

# ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အငြင်းပွားဖွယ်မရှိသည့်အတွက် နိုင်ငံတော်နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ခြင်းမရှိ

**နေပြည်တော် ဇွန် ၁၈**

ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်စာတမ်းများ (Production Sharing Contract-PSC) ချုပ်ဆိုခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးအမြတ်များ၊ အခွင့်အလမ်းများရရှိသည့်အပြင် အငြင်းပွားမှုကိစ္စရပ်များ ပေါ်ပေါက်ပါက နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ ချုပ်ဆိုဆောင်ရွက်ရာတွင် ယနေ့ထိတိုင် ယင်းကုမ္ပဏီများနှင့် အငြင်းပွားဖွယ်ရာ ကိစ္စရပ်များ တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ခြင်းမရှိသည့်အတွက် နိုင်ငံတော်အတွက် မည်သည့်နစ်နာ ဆုံးရှုံးမှုမျှ ပေါ်ပေါက်ခဲ့ခြင်းမရှိပါကြောင်းဖြင့် ယနေ့ကျင်းပသည့် အစည်းအဝေးတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးဇေယျာအောင်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **"သတ္တုတွင်း၊ စွမ်းအင်နှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့၌ ချုပ်ဆိုသည့် ထုတ်လုပ်မှုခွဲဝေသည့် စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်တွင် နစ်နာဆုံးရှုံးမှုများရှိ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့နှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ပတ်သက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၄၃ နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၃၃ တို့တွင် အငြင်းပွားမှုပဋိပက္ခများ ပေါ်ပေါက်လာသည့်အခါ အငြင်းပွားမှုကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဒ်မခွဲ (က)အရ ဖြေရှင်း၍ ပြေလည်မှု မရရှိပါက သက်ဆိုင်ရာစာချုပ်ထဲ၌ အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ်ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပြန်သည့် (၁/ ၂၀၁၃) အမိန့်ကြော်ငြာစာတွင်လည်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ ဒေသဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါသဖြင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်စီမံထားပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးဇေယျာအောင်။

ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး။

ဆက်လက်၍ [illegible] မဲဆန္ဒနယ်မှ ဦးထင်မောင်ဦး၏ **"မြို့နယ်များအလိုက် ဝင်ငွေခွန်ကောက်ခံသည့် လက်တွေ့ဆောင်ရွက်နေမှုမှာ အားနည်းချက်များစွာရှိနေသည့်အတွက် ယခုထက် ပိုမိုအားကောင်းသည့် အဖွဲ့စနစ်တစ်ခုကို လက်တွေ့ကျကျ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က နိုင်ငံ၏ အပြောင်းအလဲနေသော အခြေအနေများဖြင့် ကိုက်ညီစေရန် အခွန်ဥပဒေများ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်အတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ရုံးခန်းအက်ဥပဒေနှင့် မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေများကို ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည့်အပြင် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသစ်ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အခွန်မူဝါဒနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အချိန်ကာလအဖြစ် ၂၀၁၃-၂၀၁၄ မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ သတ်မှတ်ထားပြီး ယင်းအချိန်တွင် နိုင်ငံတော်အတွက် အခွန်ရငွေများကို ဖြည့်ဆည်းနိုင်ရန် လက်ရှိလုပ်ငန်းတာဝန်များနှင့် ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် စီမံခန့်ခွဲမှုစနစ်များကို ပူးတွဲ၍ တစ်ပြိုင်နက်တည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အခွန်ရုံးများကို အခွန်ထမ်းအမျိုးအစားအလိုက် ခွဲခြား၍လုပ်ငန်းတာဝန် အခြေခံဖွဲ့စည်းသည့်ရုံးများအဖြစ် အသင့်ကူးပြောင်းဖွဲ့စည်းခြင်းကို စနစ်တကျ အဆင့်လိုက် ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းရုံးများတွင် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် ကျင့်သုံးသွားမည်ဖြစ်ကြောင်း။

အခွန်ထမ်းကြီးများအား အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက် နိုင်ငံအတွက် အခွန်တာဝန်ကို သိရှိနားလည်လာကာ တစ်ဖက်မှ အခွန်ထမ်းကိုယ်တိုင်မှ ဥပဒေနှင့်အညီ ကိုယ်တိုင်စည်းကြပ်မှု ဆောင်ရွက်သော အခွန်စီမံခန့်ခွဲမှုစနစ်သို့ စတင်ကူးပြောင်း[illegible] အခွန်လျှော့ပေါ့မှု အန္တရာယ်အနည်းဆုံးဖြင့် အမြန်ဆုံးအောင်မြင်မှု ရရှိစေနိုင်ရန်ဖြစ်ပါကြောင်း၊ အခွန်ထမ်းများအနေဖြင့် အခွန်စည်းကြပ်မှုကို ကိုယ်တိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်မည်ဖြစ်၍ လူနှင့်လူချင်း ထိတွေ့ဆောင်ရွက်မှုများ နေရာတွင် Online Services များဖြင့် အခွန်ဆိုင်ရာလုပ်ငန်းများကို ချိတ်ဆက် ဆောင်ရွက်လာနိုင်မည်ဖြစ်သဖြင့် လာဘ်ပေးလာဘ်ယူမှုများကိုလည်း လျှော့နည်းပပျောက်သွားစေမည်ဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ် အဆင်ဆင့်အတွက် International Monetary Fund(IMF)၊ The World Bank(WB)၊ United State Oversea Technical Assistance (OTA)၊ Asia Development Bank(ADB)စသည့် နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီများကိုလည်း ရယူကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွန်ပြုပြင်ပြောင်းလဲမှု၏ အရေးကြီးသည့် ပထမခြေလှမ်းဖြစ်သည့် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး Large Taxpayer Office(LTO)တွင် စည်းကြပ်မှုနယ်မြေဆိုင်ရာ လုပ်ငန်းစဉ်များကို အနီးကပ်အကြံပြုဆောင်ရွက်နိုင်ရန် ဌာနေအကြံပေးပညာရှင် တစ်ဦးဖြင့်(OTA)မှ အကူအညီ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ◯

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော် အစည်းအဝေး

# မြွေတောင်ဒေသ နီကယ်သတ္တုထုတ်လုပ်မှုလေ့လာမှုအရ သတ္တုသိုက်ပမာဏ ၄၂ သန်းတန်ခန့်ရှိ

**နေပြည်တော် ဇွန် ၁၈**

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ မေးခွန်းနှစ်ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးစတီဗင်သာဘိတ်၏ **"ချင်းပြည်နယ် တီးတိန်မြို့နယ် မြွေတောင်၊ ဖားတောင်ဒေသတွင် နီကယ်သတ္တုထုတ်လုပ်ရေး စီမံကိန်းကန်ထရိုက်တာ North Mining Investment Co., Ltd.(NMIC)၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအပေါ် ပြန်လည်သုံးသပ်ပေးရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းတုန်းအောင်က မြွေတောင်ဒေသရှိ မြွေတောင်စီမံကိန်းလုပ်ငန်းအတွက် တင်ဒါစနစ်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများအား တင်ဒါခေါ်ယူခဲ့မှု မရှိပါကြောင်း၊ အဆိုပါဒေသတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kingbao Mining Ltd.က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရ နီကယ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး နည်းပညာ အားနည်းမှုရှိသဖြင့် လုပ်ငန်းရပ်ဆိုင်းခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် North Mining Investment Co. Ltd. မှ ယင်းဒေသတွင် လုပ်ငန်းဆောင်ရွက်လကြောင်း သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားလာသဖြင့် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ချင်းပြည်နယ် တီးတိန်မြို့နယ်

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်။

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်။

မြွေတောင်ဒေသတွင် North Mining Investment Co.,Ltd.၏ တင်ပြလျှောက်ထားမှုအပေါ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် မြွေတောင်ဒေသ နီကယ်သတ္တုထုတ်လုပ်မှု ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို ဆောက်ရွက်ခဲ့ပါကြောင်း၊ လေ့လာမှုအစီရင်ခံစာအရ သတ္တုသိုက်ပမာဏ(၄၂)သန်းတန ခန့်ရှိပြီး နီကယ် (၁ ဒသမ ၃၇) ရာခိုင်နှုန်း၊ သံ(၁၆ ဒသမ ၃၂) ရာခိုင်နှုန်း၊ ခရိုမ်ယမ် (သုည ဒသမ [illegible])ရာခိုင်နှုန်း၊ ကယ်စီယမ်အောက်ဆိုက် (သုည ဒသမ ၇၂) ရာခိုင်နှုန်း၊ မဂ္ဂနီစီယမ်အောက်ဆိုက်(၂၁ ဒသမ ၇၂)ရာခိုင်နှုန်း၊ အလူမီနီယမ်အောက်ဆိုက် (၂ ဒသမ ၈၇)ရာခိုင်နှုန်း၊ ဆီလီကာ (၃၉ ဒသမ ၄၆) ရာခိုင်နှုန်း၊ ကာဗွန် (သုည ဒသမ ၅၄)ရာခိုင်နှုန်းနှင့် ဆာလ်ဖာ (သုည ဒသမ ဝ၄၄) ရာခိုင်နှုန်း ပါဝင်ပါကြောင်း၊ နီကယ်သတ္တုရိုင်းမှ သတ္တုသန့်စင်ထုတ်လုပ်မှုဆောင်ရွက်မည့် အခြေအနေအား နည်းပညာကော်မတီအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

North Mining Investment Co.,Ltd. က စမ်းသပ်လေ့လာတင်ပြခဲ့သော ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု အစီရင်ခံစာအား စိစစ်ဆောင်ရွက်ဆဲ အဆင့်တွင်သာ ရှိပါကြောင်း၊ ပညာရှင်များ၏ စိစစ်အတည်ပြုချက် ရရှိပြီးပါက နောင်တစ်ချိန်၌ ပြဿနာမပေါ်ပေါက်စေရန် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အပါအဝင် မြွေတောင်ဒေသရှိ ဒေသခံ ပြည်သူလူထုများအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြ၍ သဘောထားရယူပြီးမှသာ စာချုပ်ချုပ်ဆို၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြွေတောင်နီကယ် စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် သဘာဝနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် တူးဖော်ထုတ်လုပ်မည့်နည်းစဉ်အား စိစစ်ခြင်းနှင့် ဒေသခံများ၏လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးနှင့် မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးများအတွက် အာမခံပေးနိုင်မှုရှိစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေနှင့် လူမှုဖွံ့ဖြိုးရေးအတွက်ရန်ပုံငွေများအား စနစ်တကျထားရှိနိုင်ရေးအတွက် North Mining Investment Co.,Ltd.နှင့် နည်းပညာ ကော်မတီအဖွဲ့များ ပြန်လည်စိစစ် ဆွေးနွေးဆောင်ရွက်နေဆဲဖြစ်ပါကြောင်း။

မြွေတောင်ဒေသ နီကယ်သတ္တုထုတ်လုပ်မှု ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို ကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ် (သို့မဟုတ်) နှစ်ဦးနှစ်ဖက် တည့်ဝင်မှုအပေါ် အခြေခံသည့် အ[illegible]တ်ခွဲဝေမှုစနစ် (သို့မဟုတ်) အခြားနည်းအကျိုးအမြတ် ခွဲဝေခံစားသည့်စနစ်တဖြင့် ဓာတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်းများအတွက် သဘောတူစာချုပ် ချုပ်ဆိုမည်ဖြစ်ပါကြောင်း၊ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခြင်း မရှိပါက သဘောတူစာချုပ်များကို ယဉ်ပြိုင်အဆိုပြုခြင်း (သို့မဟုတ်) ချမှတ်ထားသော အချက်အလက်များနှင့် စည်းကမ်းများကို အခြေခံ၍ ညှိနှိုင်းခြင်းတို့ဖြင့် ဆောင်ရွက်သွားရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း။

မြွေတောင်နီကယ် စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိသေးပါကြောင်းနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုပေါ် ပညာရှင်များ ပါဝင်သော နည်းပညာကော်မတီဖြင့် စိစစ်ဆွေးနွေးနေဆဲဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် **အမျိုးသားပညာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ လွှတ်တော်ဥက္ကဋ္ဌက ယင်းဆွေးနွေးချက်များနှင့် ပတ်သက်၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇန်လယ်တန်းက လတ်လပ်သည့် ပညာရေးစနစ်ကို ဖော်ဆောင်သင့်ပါကြောင်း၊ ပညာရေး စိတ်ပါဝင်စားသူများအား လွတ်လွတ်လပ်လပ် ဖော်ဆောင်နိုင်သည့် အခွင့်အရေးများပေးရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ အတက်တွင် ကောင်စီ(သို့မဟုတ်) ကော်မရှင်များရှိပါက လုပ်ငန်းဆောင်ရွက်ရာတွင် မတွင်ကျယ်နိုင်ပါကြောင်း၊ မူကြိုပညာရေးသင်ယူပြီးပါက သူငယ်တန်းမရှိသည့် မူလတန်းအဆင့် တစ်တန်းမှ စတင်သင့်ပါကြောင်း၊ သူငယ်တန်း ပညာရေးသင်ယူခြင်းကို

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☐

### ○ ပြည်သူ့လွှတ်တော်မှ

ပေးလျက်ရှိပြီး ရုံးချုပ်လုပ်ငန်းတာဝန်များဖြင့် ချိတ်ဆက်နိုင်ရန် ရုံးချုပ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် ဌာနေအကြံပေး ပညာရှင်တစ်ဦးက (IMF)မှ ကာလရှည်ထား၍ ပူးတွဲဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လက်ရှိ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ အားနည်းချက်များကို ထိန်းကျောင်းနိုင်ရန်နှင့် အခွန်စည်းကြပ်မှုလုပ်ငန်းစဉ်များက ပိုမိုအထောက်အကူပြုနိုင်ရန် အခွန်စစ်ဆေးကြပ်မတ်ရေးဘုတ်အဖွဲ့က နယ်ပယ်ကျွမ်းကျင် ပညာရှင်များ ပါဝင်စေလျက် ပြည်ထောင်စုအဆင့်မှ ဖွဲ့စည်းတာဝန်ပေးအပ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘုတ်အဖွဲ့အနေဖြင့်လည်း အခွန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး အခက်အခဲများ၊ အကြံဉာဏ်များရယူကာ နိုင်ငံတကာအခွန်စနစ်များ၏ ကောင်းမွန်သော အလေ့အထများကိုလေ့လာလျက် ပြည်တွင်းအခွန်များဦးစီးဌာန၏ လက်ရှိလုပ်ငန်းစဉ်များကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လိုအပ်သော ဘဏ္ဍာငွေအထောက်အကူအတွက်လည်း ကမ္ဘာဘဏ်မှ အထောက်အပံ့ရရှိမည် ဖြစ်ကြောင်း၊ ၁၀မအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အခွန်ထမ်းနှင့် အခွန်ဝန်ထမ်းများအပေါ် နယ်အစိုးရအဖွဲ့မှ လိုအပ်သော ပံ့ပိုးထိန်းကျောင်းကပ်ကဲ ပ်မတ်နိုင်ရေးအတွက် အခွန်ခွဲဝေမှု(Tax Sharing)ကို တုံ့ဆိုင်ခေါင်းစဉ်နှင့် ကန့်သတ်လုပ်ငန်းခွန်ဥပဒေတို့တွင်လည်း ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ အခွန်ထမ်းနှင့် အခွန်ဝန်ထမ်းများမှ လာဘ်ပေး၊ လာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများကို ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းစဉ်ဆောင်မှုနှင့် အရည်အသွေးပြင်မားရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ပြည်ပသင်တန်းများ စေလွှတ်တက်ရောက်စေခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများကျင်းပ၍ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စိတ်စေတနာကောင်းမွန်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သည့် ဝန်ထမ်းများအား ထိုက်တန်သည့် ချီးမြှင့်မှုများ ပြုလုပ်ပေးခြင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း လိုက်နာမှုမရှိသည့် ဝန်ထမ်းများကိုလည်း ဖော်ထုတ်အရေးယူအပြစ်ပေးခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း။

သို့ရာတွင် ချမှတ်ပြီးဖြစ်သည့် မဟာဗျူဟာအရ တိကျသေချာသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များဖြင့် နိုင်ငံတော်အတွက် ထိရောက်ကောင်းမွန်သည့် အခွန်စနစ်တစ်ရပ်ကို အခွန်ထမ်းပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှု၊ အထက်အဆင့်ဆင့်နှင့် ဘေးနံအဖွဲ့အစည်းများ၏ နားလည်မှုကြည့်မှု၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့သော **"ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

### ❒ အမျိုးသားလွှတ်တော်မှ

ပယ်ဖျက်သင့်ပါကြောင်း၊ ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများ၏ စွက်ဖက်မှုမှ ကင်းလွတ်စေရမည်ဆိုသည့်အချက် ပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က ပုဒ်မ၁(ဆ) "အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့များ၏ အနှစ်သာရများကို တန်ဖိုးထားပြီး ခေတ်စနစ်အတွေးအခေါ် မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးသော နိုင်ငံတော်၏ ပညာရေးစနစ်ကိုဆိုသည်" ဆိုသည့် ပုဒ်မခွဲတွင်ပါသည့် "ရိုးရာဓလေ့များ၏ အနှစ်သာရများကို တန်ဖိုးထားပြီး" စကားရပ်အစား "ရိုးရာဓလေ့များ၏ အနှစ်သာရများကို တန်ဖိုးထား၍ ပြုစုပျိုးထောင် မြှင့်တင်မြှောက်ပေးပြီး" ဟု ထည့်သွင်းသင့်ပါကြောင်း၊ "ခေတ်စနစ်အတွေးအခေါ် မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော" ဆိုသည့်စကားအစား "ခေတ်စနစ်အတွေးအခေါ် မှန်ကန်၍ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ ကောင်းမွန်သော" စကားထည့်သွင်းလိုပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ဗညားအောင်မိုးက ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းဆိုသည်မှာ သင်ယူသူများ သင်ယူမှုဖြစ်ထွန်းစေရန် ဆရာဆရာမများက ထိရောက်သော နည်းလမ်းများကိုအသုံးပြု၍ နှစ်လိုဖွယ်ရာ ဆရာ ဆရာမများအား ဆက်ဆံရေးပြင် ပံ့ပိုးဖော်ဆောင်ပေးသော သင်ယူမှုဖြစ်စဉ်ကို ဆိုလိုခြင်းဖြစ်ပြီး ယင်းအချက်သည် အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါကြောင်း၊ ချဉ်းကပ်နည်းဖြင့် သင်ကြားခြင်းသည် မိမိတို့နိုင်ငံတွင် အထူးလိုအပ်ပါကြောင်း၊ ထိုစနစ်ကိုမသုံးခဲ့သည့်အတွက် ယနေ့ကျူရှင်ပညာရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေခြင်းဖြစ်ပါကြောင်း၊ အနာဂတ်တွင် ရုံးသုံးဘာသာအဖြစ် အသုံးပြုနိုင်ရန်အတွက် အင်္ဂလိပ်စာအား မူလတန်းမှစတင်၍ သင်ကြားရမည်ဟု ဖြည့်စွက်သင့်ပါကြောင်း၊ အင်္ဂလိပ်စာရုံးသုံးဖြစ်ပါက ပိုမို၍လေ့လာမည်ဖြစ်ပြီး ပိုမိုတတ်မြောက်ကြမည်ဖြစ်ပါကြောင်း၊ အင်္ဂလိပ်စာတတ်မြောက်မှသာ ကမ္ဘာကို လိုက်မီနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ အေးမောင်က ယခုအမျိုးသားပညာရေး ဥပဒေကြမ်းကို သုံးသပ်သည့်အခါ ပြည့်စုံသော အဆင့်သို့ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်သည့်အခါ အလွန်တာဝန်ကြီးလိမ့်မည်ဟု ယူဆပါကြောင်း၊ ယခု ဥပဒေကြမ်း အတည်ပြုပြီးပါက ပညာရေးဝန်ကြီးဌာန၏ တာဝန်သည် အလွန်အရေးကြီးသွားမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ၏ အသေးစိတ်များကို ပြည်ထောင်စုဘတ်ဂျက်၏ ၁၂ ရာခိုင်နှုန်းနှင့်အထက် နှစ်တိုင်း ပံ့ပိုးပေးနိုင်မှသာ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အဆင်ပြေနိုင်မည်ဟု ယူဆပါကြောင်း၊ ဥပဒေကြမ်း အတည်ပြုပြီးပါက အကောင်အထည်ဖော်ရမည်ဖြစ်ပြီး မိမိတို့၏ လူသားအရင်းအမြစ်များအတွက် အလွန်အရေးကြီးပါကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**

## နေပြည်တော်ဟိုတယ်ဇုန်ဝန်ဆောင်မှုများ တိုးတက်ပြည့်စုံလာ

**နေပြည်တော်** ၁၈

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဌေးအောင်သည် **(အပေါ်ပုံ)** ယနေ့ အဆိုပါ ဥရုံး ကျောက်စိမ်းခန်းမ၌ တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ မန်နေဂျာများနှင့် တာဝန်ခံများအား တွေ့ဆုံပြီး ယခုအခါ နေပြည်တော်တွင် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြည့်စုံလာပြီဟု အစည်းအဝေးနှင့် ကွန်ဖရင့်များ ကျင်းပလာနိုင်ပြီး အစိုးရကိုယ်စားလှယ်တော်များ တည်းခိုနေထိုင်ရန် အဆင်ပြေ နေရာထိုင်ခင်းနှင့် အသုံးအဆောင်များရှိလာပြီဖြစ်ကြောင်း၊ ဒုတိယအဆင့်စီမံကိန်းများ အချိန်မီပြီးစီးရန် လိုအပ်သည့်အတွက် ယခုကပင် အားသွန်ခွန်စိုက်လုပ်ကိုင်သွား လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် အဖွဲ့ဝင်အသင်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း စိစစ်ဆွေးနွေး

**နေပြည်တော်** ၁၈

လမ်းမကြီးများဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဥပဒေကြမ်း ကော်မတီရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဆောက်လုပ်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးအေးဖေ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များက ဥပဒေရေးရာရေးထုံးနှင့် ဥပဒေပိုင်းဆိုင်ရာတို့ကို ဆွေးနွေးညှိနှိုင်းကြပြီး ပြည်သူ့လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဓာတ်အားလိုင်းကြိုးခိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ဆောင်ရွက်

**ရန်ကုန်** ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အတွင်းသို့ ပို့လွှတ်လျက်ရှိသော ဓာတ်အားလိုင်းများတွင် ဓာတ်အားပြတ်တောက်မှုမရှိစေရေးနှင့် မီးအားပြည့်ဝစွာရရှိစေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ဓာတ်အားလိုင်းတစ်လျှောက်တွင် ရှိသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းသည့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း တော လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့မှ ဒလမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

အဆိုပါ ရှင်းလင်းဆောင်ရွက်ရာတွင် လှိုင်သာယာ-ဒနော်ဝင် 33 KV ဓာတ်အားလိုင်းနှင့် ပတ်သက်၍လည်း ဆောင်ရွက်လျက်ရှိသကဲ့သို့ လာမည့်ဇွန် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မနက် ၁ နာရီမှ ညနေ ၄ နာရီအတွင်း ခေတ္တဓာတ်အား သုံးနာရီကြာ ဖြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြိုတင်အသိပေး အကြောင်းကြားထားကြောင်း သိရသည်။

**ထက်မိုင်(စမ်းချောင်း)**

## မကွေးမြို့နယ် ဒေါင်းနေကျေးရွာအနီး ယာခင်းအတွင်း အမိုက်မီးရှို့စဉ် ပေါက်ကွဲမှုဖြစ်ပွား

**မကွေး** ၁၈

မကွေးမြို့နယ် ဒေါင်းနေကျေးရွာ၏ တောင်ဘက်ထိပ် မကွေး-ရေနံချောင်းကားလမ်းဟောင်း မိုင်တိုင်အမှတ် (၃၄၄/၅) အနီး ယာခင်းအတွင်း၌ ဇွန် ၁၈ ရက် နံနက် ၈ နာရီကျော်က ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အမျိုးသားတစ်ဦးနှင့် နွားနှစ်ကောင် ဒဏ်ရာရရှိခဲ့သည်။ ဖြစ်စဉ်မှာ ယာရှင်ဦးအောင်မြင့်၏ ယာခင်းတွင် စာရင်းငှားလုပ်ကိုင်သူ အောင်မျိုး ဒေါင်းနေကျေးရွာနေသူသည် ယာခင်းအား ထွန်ယက်ပြီး အမှိုက်များအား စုပုံမီးရှို့စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကြောင့် အောင်မျိုးဇော်တွင် ဝဲပေါင်ထိပ်ပန်းပဲဒဏ်ရာနှင့် ခိုင်းနွားနှစ်ကောင်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူ အောင်မျိုးဇော်အား မကွေးမြို့ ပြည်သူ့ဆေးရုံသို့ ရဆေးစာဖြင့် တင်ပို့ထားကြောင်း၊ ခိုင်းနွားများအား ဆေးကုသရန်အတွက် မကွေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ထားကြောင်း သိရသည်။ အခင်းဖြစ်နေရာသို့ မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအန်းသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ရောက်ရှိကာ ယင်းပေါက်ကွဲမှုဖြစ်ပွားခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက အခင်းဖြစ်နေရာတွင် တစ်လက်မခန့်ရှိ ဗုံးအပိုင်းအစ သုံးခုရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါ အပိုင်းအစများမှာ ၃၆ ခင်း ဗုံးအဟောင်းမှ အပိုင်းအစများဖြစ်သည်ဟု စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စည်းဝေး

**လားရှိုး** ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လားရှိုးခရိုင် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ၁၈ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင် မူး/စိတ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး အောင်ကျော်မိုး၊ အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးရန်နိုင်ဌာနဆိုင်ရာ/ NGO အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက အခမ်းအနားတွင် ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုအား အသိပညာပေးရေးအတွက် လက်ကမ်းစာစောင်/ဓာတ်ပုံမှတ်တမ်းပြကွက်များဖြင့် ပြသရန်၊ မူးယစ်ဆေးပပျောက်ရေး ဆောင်ရွက်ချက်များနှင့် တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များ ပြသရန်၊ မူးယစ်ဆေးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးဆိုးကျိုးများနှင့် ပြန်လည်ထူထောင်ရေးပြုစုပျိုးထောင်ပေးမှုအခြေအနေများပြသ၍ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာဖြင့် အဆင်မီမီပြသဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

**✪ ပြည်ထောင်စုလွှတ်တော်မှ**

မြန်မာနိုင်ငံ၏ ယနေ့တပ်ဆင်စက်အင်အား စုစုပေါင်းသည် (အရင်းအမြစ်အားလုံး) မဂ္ဂါဝပ် (၄၃၆၂ ဒသမ ၅)သာရှိသေးသည့်အတွက် နှစ်စဉ်လိုအပ်ချက်ပြည့်မီရေး နှစ်အလိုက် ဓာတ်အားပေးစက်ရုံများ တိုးတက်တည်ဆောက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ နှစ်စဉ်တိုးတက်နှုန်း ၁၃ ရာခိုင်နှုန်းဖြင့် တွက်ချက်၍ အရန်ဓာတ်အား ၃၀ ရာခိုင်နှုန်းထားရှိရန် စီစဉ်လျာထားသွားမည် ဖြစ်ပါကြောင်း။

ဤသို့ တိုးတက်လိုအပ်လာသော ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရာတွင် တည်ငြိမ်ရေး၊ ဈေးနှုန်းသက်သာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေး အချက် (၃)ချက်ကို အခြေထား၍ နိုင်ငံတော်အတွင်း ဖြစ်သင့်သည့် အရင်းအမြစ်ပါဝင်မှုအချိုး (Generation Mix) ဖြစ်ပေါ်လာစေရေးအတွက် Master Plan ရေးဆွဲထားပြီးဖြစ်ကြောင်း။

ဓာတ်အားပေးစက်ရုံများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်မှ ကိုယ်တိုင်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်စေခြင်း ( BOT)နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ခြင်း ( JV/BOT) စသည့် နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပျဉ်းမနားမြို့နယ်ရှိ (အထက်ပေါင်းလောင်းစီမံကိန်း)၊ မိုးမိတ်မြို့နယ်ရှိ (ရွေလီစီမံကိန်း)၊ ဖြူးမြို့နယ်ရှိ ဖြူးစီမံကိန်း၊ ကျောက်မဲမြို့နယ်ရှိ အထက်ရဲရွာစီမံကိန်း၊ သံတွဲမြို့နယ်ရှိ သံဒွေးစီမံကိန်းနှင့် ကျိုင်းတောင်းမြို့နယ်ရှိ အထက်ကျိုင်းတောင်းစီမံကိန်းများကို နိုင်ငံတော်မှ ကိုယ်တိုင်ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ် (၁၆၃၂)ရှိပါကြောင်း၊ ထို့ပြင် ပြည်တွင်းတိုင်းရင်းသားရင်းနှီးမြှုပ်နှံမှုဖြင့် အထက်ဘီလူးချောင်းစီမံကိန်း၊ နမ္မတူ(သီပေါ)စီမံကိန်းနှင့် မင်းဝစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ်(၁၉၆ ဒသမ ၄) ရှိပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(ဖက်စပ်ပုံစံ) JV Agreement လက်မှတ်ရေးထိုး၍ ချီဖွေစီမံကိန်း၊ လိုင်ဇာစီမံကိန်းနှင့် ကမ်းလုံစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ်(၁၃၈၀၀)ရှိပါကြောင်း၊ ထို့အတူ MOA လက်မှတ်ရေးထိုးပြီးသည့် ဝဆောက်စီမံကိန်း၊ ခေါင်လံဖူးစီမံကိန်း၊ ယနန်စီမံကိန်း၊ ဖီဇောစီမံကိန်း၊ ဂေါလန်စီမံကိန်း၊ ခန်ကန်းစီမံကိန်း၊ လောင်းဒင်စီမံကိန်း၊ ထံရင်းချောင်စီမံကိန်း၊ ရွာသစ်စီမံကိန်း၊ ဟတ်ကြီးစီမံကိန်း၊ နောင်ဖစီမံကိန်း၊ မန်တောင်း စီမံကိန်း၊ ရွေလီစီမံကိန်း၊ နမ့်တဘက်စီမံကိန်း၊ ထကျန်းစီမံကိန်း၊ ဟန်နစီမံကိန်း၊ သခစီမံကိန်း၊ ပလောင်စီမံကိန်းနှင့် ဘော်လခဲစီမံကိန်းစသည့် စီမံကိန်း (၁၉)ခုရှိပြီး စုစုပေါင်းစက်တပ် အင်အား မဂ္ဂါဝပ် (၁၆၉၇၀)

အလားတူ MoU လက်မှတ်ရေးထိုးပြီး စူးစမ်းလေ့လာဆဲစီမံကိန်းများဖြစ်သည့် တာပိန်စီမံကိန်း၊ မိုင်းတုံစီမံကိန်း၊ ကျိုင်းတုံစီမံကိန်း၊ ဝမ်တာပင်းစီမံကိန်း၊ ဆီလူးစီမံကိန်း၊ ကျိုင်းရမ်းစီမံကိန်း၊ ဟီကားစီမံကိန်း၊ နမ့်ခစီမံကိန်းနှင့် နမ့်တဘက်စီမံကိန်းစသည့် စုစုပေါင်းစီမံကိန်း (၉)ခုရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ် (၃၈၇၈၀)ရှိပါကြောင်း၊ MoU လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသော (JV/BOT) ရေအားလျှပ်စစ်စီမံကိန်းနှစ်ခု (ဒွန်ဘန်နှင့် နမ့်လီစီမံကိန်း)ရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ်(၂၉၅)ရှိပါကြောင်း၊ ထို့အတူ MoU လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်လျက်ရှိသော (BOT) ရေအားလျှပ်စစ်စီမံကိန်းနှစ်ခု (မင်းယောင်းစီမံကိန်းနှင့် နမ့်ခတ်စီမံကိန်း) စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ်(၉၅)ရှိပါကြောင်း၊ ဒီးဒုတ်စီမံကိန်း၊ အလယ်ပေါင်းလောင်းစီမံကိန်း၊ အလယ်ရွာစီမံကိန်းနှင့် ဘောဂထီးစီမံကိန်းများသည် ပြည်နိုင်ငံစုံ၏ ဆောင်ရွက်ရန်စီစဉ်လျက်ရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ် (၆၄၆)ရှိပါကြောင်း။

ကမ်းလုံစီမံကိန်း၊ ချီဖွေစီမံကိန်းနှင့် လိုင်ဇာစီမံကိန်း(၃)ခု ဆက်လက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ နှစ်စဉ်အကျိုးအမြတ် အမေရိကန်ဒေါ်လာ (၃၆၇) သန်းခန့်ရရှိပြီး နိုင်ငံတော်အတွင်း သုံးစွဲရန် တပ်ဆင်စက်အင်အား မဂ္ဂါဝပ်( ၂၆၂၀)တိုးတက်သုံးစွဲနိုင်မည် ဖြစ်ပါကြောင်း၊ ၎င်းစီမံကိန်းများကို အကောင်အထည်ဖော်ပါက တည်ဆောက်ရေးကာလ အများဆုံး(၇)နှစ် ဖြစ်ရာ ၂၀၂၁-၂၀၂၂ ခုနှစ်ခန့်တွင် ဓာတ်အားသုံးစွဲနိုင်မည် ဖြစ်ပါကြောင်း။

အဆိုပါစီမံကိန်းများအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု (EIA/SIA) အစီရင်ခံစာများကို တတိယအဖွဲ့ အစည်းတစ်ခုဖြစ်သော Biodiversity and Nature Conservation Association (BANCA) က အသီးသီး တင်သွင်းသွားပြီးဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းများမှ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုသို့လည်း ပွင့်လင်းမြင်သာမှုရှိစွာ ရှင်းလင်းချပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သံလွင်မြစ်ပေါ်တွင် ကမ်းလုံစီမံကိန်း၊ နောင်ဖစီမံကိန်း၊ မိုင်းတုံစီမံကိန်း၊ ရွာသစ်စီမံကိန်းနှင့် ဟတ်ကြီးစီမံကိန်း စုစုပေါင်းစီမံကိန်းငါးခုကို ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ်(၁၄၉၆၀)ရှိပါကြောင်း၊ သံလွင်မြစ်ပေါ်မှ ကမ်းလုံစီမံကိန်းနှင့် နောင်ဖစီမံကိန်း၊ နမ့်မမြစ်ပေါ်မှ မန်တောင်းစီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်မည်ဆိုပါက နိုင်ငံတော်မှ ရရှိမည့်ဓာတ်အားနှင့် နိုင်ငံတော်မှရရှိမည့် ဓာတ်အားမဂ္ဂါဝပ်(၁၄၁၂)နှင့် အမေရိကန်ဒေါ်လာ(၁၆၈ ဒသမ ၇ သန်း)အကျိုးအမြတ်ရရှိမည်ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အားဖူလုံလာပါက ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်သဖြင့် နိုင်ငံတော်၏ ကြွယ်ဝသော ရေသယံဇာတဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေး၊ ရေအခြေခံစီးပွားရေး (Water-base Economy) ဆောင်ရွက်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး စနစ်တကျစီမံကြီးကြပ်၍ ရေအားလျှပ်စစ်စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၎င်းအပြင် ဓာတ်အားတည်ငြိမ်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် တည်ဆောက်ရေးကာလ တိုတောင်းသည့်၊ ဓာတ်အားရရှိမှုတည်ငြိမ်သည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကိုလည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးစိစစ်၍ ခေတ်မီနည်းပညာများ အသုံးပြုကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

အဆိုပါ ဒုတိယဝန်ကြီး၏ ရှင်းလင်းတင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

**(သတင်းစဉ်)**

# လယ်ယာမြေ ၂၆၄၄ ဧကကို အကျိုးပြုသည့် မြောင်းချောင်းရေလွှဲဆည်

**ကလေး ဇွန် ၁၈**

ကလေးမြို့နယ် တောင်ပိုင်းဒေသ ဆည်တော်ကျေးရွာအနီးတွင် စီးဆင်းသည့် မြောင်းချောင်းရေမှ သွယ်ယူသော မြောင်းချောင်းရေလွှဲဆည်သည် ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူများ၏ လယ်ယာမြေ ၂၆၄၄ ဧကအား ဆည်ရေသောက် လုံလောက်စွာရပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြောင်းချောင်းဆည်သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အလျားပေ ၅၅၀၀ ခန့် ပြုပြင်ပြီးစီးခဲ့ပြီးဖြစ်သည့်အပြင် ရေလွဲဆည်တည်ဆောက်ခြင်းလုပ်ငန်း၊ တီးမြောင်းထိပ်ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းနှင့် ရေပေးမြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများအတွက် စုစုပေါင်းကုန်ကျငွေမှာ ကျပ်သန်းပေါင်း ၂၁ ဒသမ ၇၅ ဖြစ်သည်။

ကျေးရွာအုပ်စုများကလည်း ရေပေးမြောင်းအလျားပေ ၅၀၀၀ ခန့် ရေသွားလမ်းရှင်းခြင်းလုပ်ငန်းကို မြေတူးစက်ယန္တရားဖြင့် မိုးရာသီအမီ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုချိန်တွင် ရေစီးရေလာကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**(ဂျိုးနက်)**

# ဝါယာရှော့ဖြစ်ပွားရာမှ ရွှေဆိုင်မီးလောင်

**မန္တလေး ဇွန် ၁၈**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၈)လမ်းနှင့် (၂၉)လမ်းကြား၊ (၈၄)လမ်းအကွက်အမှတ်(၅၉၁) ဝိန့်စိန်ရွှေဆိုင်တွင် ဇွန် ၁၈ ရက် ညနေ ၄ နာရီ ၅ မိနစ်က အဆိုပါရွှေဆိုင် RC ခြောက်ထပ် မြေညီထပ်တွင် လျှပ်စစ်မီးဘုတ်ခုံမှ ဝါယာရှော့ (Over Load) ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ်တစ်စီး၊ အပ်ချုပ်မှယာဉ် နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၀ ရောက်ရှိ မီးငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် လျှပ်စစ်ဘုတ်ခုံနှင့် ဝါယာကြိုးအနည်းငယ်မီးလောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဝိန့်စိန်ရွှေဆိုင် မန်နေဂျာ ဦးအောင်ဆန်းမြင့်အား မြို့မရစခန်းက (ပ)၄၇၉/၂၀၁၄၊ ပုဒ်မ ၂၈၅ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ဟသ်ာတတက္ကသိုလ်မုခ်ဦး ပင်မလေးထပ်ဆောင်သစ်နှင့် အားကစားရုံသစ်ဖွင့်

**ဟင်္သာတ ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ဟသ်ာတတက္ကသိုလ်မုခ်ဦး ပင်မလေးထပ်ဆောင်သစ်နှင့် အားကစားရုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ဒေါ် နေလင်းအောင်က ကျပ်သိန်းနှစ်ရာ၊ ဒေါ်ဝင်းဝင်းမော် (KMG Co.,Ltd) က ကျပ်သိန်းငါးဆယ်နှင့် Marvels Wealth Co.,Ltd. မှ ကျပ်သိန်း နှစ်ဆယ်လှူဒါန်းကြရာ ဟသ်ာတ ဒေါက်တာစလင်းက လက်ခံရယူကြောင်း သိရသည်။

ဟသ်ာတတက္ကသိုလ်သည် ဟသ်ာတမြို့ အနောက်ဘက်ပိုင်း ကြပ်ကန်းကျေးရွာ ရွာသာကန်းကျေးရွာအုပ်စု ဟသ်ာတမြို့တွင် တည်ရှိပြီး ၉၁ ဒသမ ၄၅ ကျယ်ဝန်းသည်။

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

**❐ ကျောဖုံးမှ**

နောက်ဆက်တွဲဆုံးကျုံးဖြစ်သော တောရိုင်းတိ ကျင်လည်ကျက်စားရာဒေသများ အလွန်အမင်း ပျက်စီးဆုံးရှုံးလာမှုတို့ကို ထိရောက်စွာ တားမြစ်နိုင်ခြင်းမရှိပါက မကြာမီကာလအတွင်း မြန်မာဆင်များသည်လည်း မြန်မာ့မြေပေါ်မှ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သော အခြေအနေ၊ အချိန်အခါသို့ ရောက်ရှိလာနိုင်သောကြောင့် မြန်မာဆင်များဆက်လက်တည်ရှိရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းလျှင် အချိန်မီနေသေးကြောင်း ပညာရှင်တို့က သုံးသပ်အ မြင်ထားသည်။

မြန်မာဆင်များနှင့်ပတ်သက်၍ ယခင်သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ၁၉၉၄ ခုနှစ် အောက်တိုဘာ ၂၆ ရက် နေ့စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၅၈၃/၉၄ အရ အထက်ပါဆင်များကို လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ (နိုတိက်သတ္တဝါများ)စာရင်းတွင် အမှတ်စဉ် (၇)နေရာ၌ တိကျစွာ ပြဋ္ဌာန်းထားသည်။ ထိုဥပဒေ၏ အခန်း(၁၁)တွင်လည်း လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း (သိမဟုတ်) အနာတရဖြစ်စေခြင်း၊ ၎င်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ၎င်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း စသည်ပြုမူမှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် (၇)နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်ရမည်ဟု အတိအလင်းဖော်ပြ ပြီး ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတွင် တရားမဝင်ရောင်းဝယ်ဖောက်ကားရန် အများဆုံးဖမ်းဆီးကြသော တိရစ္ဆာန်များမှာ ကျား၊ ဆင်၊ တောဆိတ်၊ ချေ၊ တောဝက်၊ ကန်းလိပ်၊ သင်းခွေချပ်၊ မြွေအမျိုးမျိုး၊ တောကြောင်၊ တောင်ဆိတ်၊ အင်းကျား၊ ဝက်ဝံ၊ ဖွတ်၊ ငှက်တို့ဖြစ်ကြောင်း သစ်တောဦးစီးဌာန၏ ထုတ်ပြန်ထားချက်အရ သိရသည်။ မြန်မာနိုင်ငံမှ တောရိုင်းတိရစ္ဆာန်များနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို အဓိကဝယ်ယူ သည့် နိုင်ငံများမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး ထိုင်းနိုင်ငံသည် အမှီမတိုက်ရှိလိုက်အဖြစ် အဝယ်များကာ တရုတ်နိုင်ငံတွင် ဆေးဝါးဖော်စပ်ရန်အတွက် ဝယ်ယူကြခြင်းဖြစ်ကြောင်း၊ ဆင်၏ခန္ဓာကိုယ်အစိတ်အပိုင်းများ မောင်ခိုရောင်းဝယ်နေမှုများနှင့်ပတ်သက်၍ ဆင်သွားရေကို ကျပ်တက်ပြီး တစ်ပိဿာလျှင် ကျပ်တစ်သောင်းခန့်ဈေးနှုန်းဖြင့်လည်းကောင်း၊ ဆင်နှာမောင်းကို အစိမ်းရေခံစမ်းပြီး တစ်ပိဿာလျှင် ကျပ်ရှစ်သောင်းကျော်ဖြင့် နယ်စပ်သို့ ပို့သလို အစယ်တစ်ပိဿာလျှင် ကျပ်ငါးသိန်းဈေးရှိကြောင်း၊ ဆင်ပစ်မဆုံးအဖွဲ့ အများအပြားရှိကြောင်း ချောက်ချားဖွယ်ရာ ကြားသိရသည်။

ယခုအခါ ကမ္ဘာ့လူဦးရေတိုးတက်မြင့်မားလာခြင်း၊ သဘာဝအရင်းအမြစ်များအပေါ် လူသားတို့ လိုအပ်ချက်အလွန်အကျွံတောင်းဆိုလာခြင်းနှင့် တောရိုင်းတိရစ္ဆာန်မှောင်ခိုရောင်းဝယ်မှုများ နိုင်ငံအလိုက် ကြောက်ခမန်းလိလိ လွန်ကဲလာခြင်း စသည့်အကြောင်းအရာများသည် ဆင်များ၏ ဆက်လက်အသက်ရှင်နေထိုင်မှုဘဝကို ပျက်စီးစေသော အရာများဖြစ်လာစေခဲ့ပြီး ယခုအခါ အာရှဆင်ကောင်ရေသည် စုစုပေါင်း ကောင်ရေ ၃၄၀၀၀ မှ ၅၄၀၀၀ အတွင်း ကျဆင်းလာခဲ့ပြီဟု စာရင်းဇယားများတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲ စုံလင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လက်ရှိ အချို့သော မျိုးစိတ်တို့မှာ မျိုးသုဉ်းပျောက်ကွယ်လုအနေအထားကို ရင်ဆိုင်လာရကာ ထိုအချက်တို့မှာ သစ်တောပြုန်းတီးခြင်းနှင့် တောရိုင်းတိရစ္ဆာန်များကို အလွန်အကျွံဥပဒေမဲ့ တရားမဝင် ဖမ်းဆီးထုတ်လုပ်ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် အာဖရိကဆင်နှင့် အာရှဆင်ဟူ၍ နှစ်မျိုးရှိရာ အာရှဆင်များကို မြန်မာနိုင်ငံအပါအဝင် ဒေသတွင်း ၁၃ နိုင်ငံ၌ တွေ့ရှိရပြီး အာရှဆင်တွင် တစ်ဖန် မျိုးစိတ်ကွဲလေးမျိုးရှိရာ အဆိုပါမျိုးစိတ်ကွဲများကို ဒေသအလိုက် တွေ့ရှိပြီး မြန်မာဆင်သည် အိန္ဒိယဆင်မျိုးစိတ်တွင် ပါဝင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## စည်ကားတောင်ခြေရင်း၌ မြေပြိုပြီး မိသားစု သုံးဦးသေဆုံး

**စစ်တွေ ဇွန် ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ အောင်တပ်အုပ်စု လက်ခုပ်ပင်ရွာ ရပ်ကွက်တွင် နေထိုင်သော ဦးမောင်စိန်ထွန်းနှင့် ဇနီး ဒေါ်စံအေးသာ၊ သမီး မမေခလာ၊ သား မောင်မောင်တို့သည် ဗန္ဓုလရပ်ကွက်ရှိ စည်ကားတောင်ခြေရင်း၌ ဇွန် ၁၈ ရက် မနက်ပိုင်းက မြေတူးနေစဉ် မနက် ၂ နာရီ ၄၅ မိနစ်ခန့်တွင် တောင်မြေပြိုကျ၍ ဦးမောင်စိန်ထွန်း၏ ဇနီး ဒေါ်စံအေးသာ အသက်(၃၄)နှစ်နှင့် သား မောင်မောင် အသက်လေးနှစ်တို့ မြေပိ၍ နေရာတွင် သေဆုံးသွားခဲ့ပြီး ဦးမောင်စိန်ထွန်း အသက်(၁၀)နှစ်နှင့် သမီး မမေခလာ အသက်(၁၂)နှစ်တို့မှာ ဒဏ်ရာရရှိ၍ တာဝန်ရှိသူများက မြို့နယ်ပြည်သူ့ဆေးရုံ ချက်ချင်းပို့ဆောင်၍ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူစေခဲ့ရာ မမေခလာသည် ရရှိသည့်ဒဏ်ရာဖြင့် ဆေးရုံတွင် သေဆုံးသွားခဲ့သည်။ ဦးမောင်စိန်ထွန်းမှာ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

# မန်ပန်ဒေသ ဖွံ့ဖြိုးတိုးတက်လာစေမည့် နောင်ဖ၊ မန်တောင်း ရေအားလျှပ်စစ်စီမံကိန်း

သတင်းဓာတ်ပုံ - ငွေ

လျှပ်စစ်စွမ်းအားရရှိမှုသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ လျှပ်စစ်ဓာတ်အား ရရှိခြင်းကြောင့် စက်မှုကဏ္ဍများ တိုးတက်ဖွံ့ဖြိုးလာမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာနိုင်ကြောင်း၊ လျှပ်စစ်စွမ်းအားသည် နေ့စဉ်နေထိုင်စားသောက်ရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ တစ်ပိုင်တစ်နိုင် အိမ်တွင်းစက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ စက်ရုံအလုပ်ရုံကြီးများ ထူထောင်လည်ပတ်ရန်၊ ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အရေးကြီးသည့် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားရရှိပါက စက်ရုံ၊ အလုပ်ရုံများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်၊ ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာမည်၊ လူနေမှုအဆင့်အတန်းမြင့်မားလာမည်၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်လာမည်၊ ဖွံ့ဖြိုးတိုးတက်သော မြို့ပြများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ရှမ်းပြည်(မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့နယ် မိုင်ပန်ဒေသတွင် ဇွန် ၁၆ ရက်က ကျင်းပသည့် နောင်ဖ၊ မန်ထောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ လူထုတွေ့ဆုံရှင်းလင်းပွဲ အခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကိုကိုက လျှပ်စစ်ကဏ္ဍ၏ အရေးပါပုံများကို ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ၏ လက်ရှိ လျှပ်စစ် ထုတ်ယူသုံးစွဲမှု အခြေအနေမှာ ရေအားလျှပ်စစ်မှ ၇၂ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၂၄ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေးမှ လေးရာခိုင်နှုန်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၆၀၊ အိမ်ထောင်စု ကိုးသန်း … လျှပ်စစ်မီးရရှိသည့် … သုံးသန်းသာရှိ၍ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိသည့် ရာခိုင်နှုန်း ၃၀ သာရှိရာ မြန်မာနိုင်ငံ၏ လက်ရှိဓာတ်အား ထုတ်လုပ်မှုမှာ လိုအပ်နေဆဲပင်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုဝန်ကြီး၊ သာသနာရေးဝန်ကြီး၊ အလုပ်သမားဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် မန်ပန်ပြည်သူ့စစ်အဖွဲ့အစည်း ဥက္ကဋ္ဌ ဦးစိုင်းမွန်တို့က အမှာစကား ပြောကြားသည်။ ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ မန်ပန်ဒေသခံပြည်သူ ၄၅၀ ခန့် တက်ရောက်ကြပြီး တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။ **(အပေါ်ပုံ)**

နောင်ဖ၊ မန်တောင်း ရေအား လျှပ်စစ်စီမံကိန်းကို မြန်မာနိုင်ငံမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တရုတ်နိုင်ငံမှ Hydrochina Corporation နှင့်မြန်မာနိုင်ငံသားပိုင် International Group of Entrepreneurs Co.,Ltd.(IGOEC) တို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်သည်။

ထို့နောက် IGOEC မှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်မင်းက နောင်ဖ၊ မန်တောင်းစီမံကိန်းအား စူးစမ်းလေ့လာရေးအတွက် နားလည်မှုစာချွန်လွှာ (MoU)အား ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း၊ စီမံကိန်းတည်ဆောက်မှုကြောင့် ထိခိုက်မည့် ဧရိယာပမာဏ အလွန်နည်းပါးကြောင်း၊ ရေလှောင်တမံကြောင့် ထိခိုက်မည့် ရွာ၊ ကျောင်း၊ ဆေးရုံ၊ စိုက်ပျိုးမြေများရှိပါက မူလထက် သာလွန်ကောင်းမွန်သော အနေအထားမျိုးဖြင့် ကျေးရွာအသစ်များထူထောင်ပေးပြီး အဆိုပါကျေးရွာများအတွင်း လူနေအိမ်များ၊ ဆေးပေးခန်းများ၊ ကျောင်းများနှင့် သာသနာရေးအဆောက်အအုံများ(လမ်းများ၊ တံတားများအပါအဝင်) ပြန်လည်တည်ဆောက်ပေးမည့်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် လယ်ယာမြေအသစ်များ ပြန်လည်ဖော်ဆောင်ပေးခြင်း၊ သင့်တင့်လျောက်ပတ်သော …ကြေး ထောက်ပံ့ခြင်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

မန်ပန်ဒေသမှ ဦးစိုင်းထွန်းအောင်က “ကျနော်တို့ဒေသ ၂၄ နာရီ လျှပ်စစ်မီးရရှိမယ်ဆိုလို့ ဝမ်းသာပါတယ်။ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဆောင်ရွက်မှုနဲ့အတူ ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးမယ်ဆိုလို့ ပြောမပြတတ်အောင် ကြည်နူးမိပါတယ်၊ ဒီဒေသမှာရှိတဲ့ ဘုန်းကြီးကျောင်းကို ပြုပြင်မွမ်းမံဖို့ ပေးအပ်လှူဒါန်းမယ်ဆိုလို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါတယ်”ဟု ပြောသည်။

“ထိခိုက်နစ်နာတဲ့ ဒေသခံတွေကို နစ်နာကြေး၊ ကရုဏာကြေးပေးမယ်။ ၂၄ နာရီမီးရရှိမယ်။ အလုပ်အကိုင်အခွင့်အလမ်းနဲ့ပတ်သက်ပြီး ဒေသခံထဲကိုခန့်အပ်ပေးမယ်”ဟု မန်ပန်ဒေသ NGO အဖွဲ့အစည်းတစ်ခုမှ ဦးထွန်းလင်းသန့်၏ မေးမြန်းချက်ကို တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

မန်ပန်ဒေသ၌ တာဝန်ထမ်းဆောင်သည့် သူနာပြုဆရာမ နန်းစံခမ်းက “မန်ပန်ဆေးရုံမှာတာဝန်ထမ်းဆောင်တာ တစ်နှစ်ရှိပါပြီ။ လက်ရှိတော့ ဆရာဝန်တစ်ဦးနဲ့ သူနာပြုသုံးဦး ရှိပါတယ်။ ဆေးရုံမှာ ဆေးဝါးပစ္စည်း ကိရိယာပြည့်စုံမှု နည်းပါးနေပါတယ်။ ယခုလို ရင်းနှီးမြှုပ်နှံသူတွေက ကျန်းမာရေးအတွက်လည်း အထောက်အပံ့ပြု ကူညီဆောင်ရွက်မယ်ဆိုတော့ ဆေးကုသရေးအပိုင်းမှာ ပိုမိုအဆင်ပြေလာမှာပါ”ဟု ပြောသည်။

“ဆက်သွယ်ရေးအနေနဲ့ ယခုအချိန်အထိ တယ်လီဖုန်းဆက်သွယ်ပြောဆိုလို့ မရသေးဘူး။ တာဝန်ရှိသူတွေကိုတော့ တင်ပြထားပါတယ်။ ပညာရေးအနေနဲ့ ဆရာ ဆရာမ အင်အား နည်းပါးပါတယ်။ ကျန်းမာရေးအနေနဲ့ ဆေးဝါးပစ္စည်းကိရိယာ ပြည့်စုံမှု မရှိသေးဘူး။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ လမ်းအညံ့ကြီးမဟုတ်တောင် အကောင်းကြီး မဖြစ်သေးဘူး။ ဒါတွေပါ ပံ့ပိုးကူညီဆောင်ရွက်မယ်ဆိုရင် ပိုပြီးဒေသဖွံ့ဖြိုးလာမှာပါ”ဟု မန်ပန်ဒေသအုပ်ချုပ်ရေးမှူး ဦးစိုင်းစန်ရီက ပြောကြားသည်။

သူနာပြုဆရာမ

မန်ဖန်ဒေသအုပ်ချုပ်ရေးမှူး

ယင်းစီမံကိန်း တည်ဆောက်ပြီးစီးပါက နိုင်ငံတော်မှ အခမဲ့အစုရှယ်ယာ ၁၅ ရာခိုင်နှုန်း၊ အခမဲ့ဓာတ်အား ၁၀ ရာခိုင်နှုန်း၊ ဝင်ငွေခွန် ၂၅ ရာခိုင်နှုန်း၊ ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း၊ အမြတ်ခွန် ၁၅ ရာခိုင်နှုန်းရရှိမည့်အပြင် နိုင်ငံတော်အတွက် လိုအပ်ချက်ရှိပါက ရင်းနှီးမြှုပ်နှံသူများမှ ဓာတ်အား ၅၀ ရာခိုင်နှုန်းအထိ ညှိနှိုင်းရောင်းချမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်း တည်ဆောက်ရေးကာလအတွင်း ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၊ ပညာရှင်များအနေဖြင့် ရေအားလျှပ်စစ် အဆောက်အအုံများ တည်ဆောက်ခြင်း၊ စက်မှုနှင့် လျှပ်စစ်ပစ္စည်းများ တပ်ဆင်ခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ စားနပ်ရိက္ခာများသယ်ပို့ရောင်းဝယ်ခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်နိုင်မည်ဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် ဝင်ငွေပိုမိုရရှိနိုင်မည့် အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်သည်။


ကန်တင်လတင်ကြို့ပို့ လယ်ယာသုံး၊ လမ်းကြမ်းသုံး၊ ပြင်ဆင်ရလယ်က၊
အပိုပစ္စည်းပေါ၊ ပြုပြင်ထိန်းသိမ်းစရိတ်သက်သာ၊ စက်သုံးဆီမရွေး
EFI COMPUTER SENSER မပါ။
97 MODEL DIESEL MANUAL 1000g
ဖုန်း-၀၉ ၅၁၀၇၅၈၀၊ ၀၉၅၄၀၅၀၂၅

**ရောင်းရန် (ပွဲစားမလို)**
မြို့နယ်ရှိ ဝ(၆၀×၄၀) မြေကွက်များ၊ ဒေါပုံမြို့နယ်ရှိ
ကန်ထရိုက်တိုက်ခန်းများ၊ စမ်းချောင်းမြေနီကုန်းရှိ တိုက်ခန်းများ။
ဖုန်း-၀၉-၄၂၀၀၀၅၄၈၊ ၀၉-၃၁၀၆၀၂၇၇



**သာသနာရေးဝန်ကြီးဌာန**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**
**အိ… တင်…**

၁။ သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်…ဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ဌာနမှူး (စီမံ/ဘဏ္ဍာ)နေအိမ် ပေ(၃၀×၅၀) (၁)ထပ် R.C.C (၁)လုံး

(ခ) သင်ကြား/စာချ ဆရာတော်များ သီတင်းသုံးရန်အတွက် ပေ (၄၀×၁၁၀) (၃)ထပ်တင် အိပ်ခန်း (၂၄)ခန်းနှင့် ဆွမ်းစားခန်း Hall တစ်ခုအပါအဝင် R.C.C (၁)လုံး

တင်ဒါပုံစံရောင်းချမည့်ရက်နှင့်နေရာ- ၁၉-၆-၂၀၁၄ ရက်မှ ၃၀-၆-၂၀၁၄ ရက်ထိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ

တင်ဒါပုံစံတင်သွင်းရမည့်ရက် ၃-၇-၂၀၁၄ ရက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ

တင်ဒါဖွင့်မည့်နေရာ သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဖုန်း ၀၁-၆၅၀၇၀၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

တက္ကသိုလ်စင်တန်းအောင်မြင်ပြီးသူများ
ကျောင်းပိတ်ရက်မှာ အကျိုးရှိစေဖို့နှင့်
အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

**ဆရာအာသာ SUCCESS Language Academy**

**(မြို့လယ်ကျောင်း)** အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046, 392048

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 7:30-10:30 | (Sat + Sun) | 21 Jun |
| 7:30 - 9 | (Mon ~ Thurs) | 30 Jun |
| 3:30 - 5 | (Mon ~ Thurs) | 30 Jun |
| 1 - 4:00 | (Sat + Sun) | 5 July |
| 7:30 - 9 | (Mon ~ Thurs) | 7 July |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 7:30-10:30 | (Sat + Sun) | 28 Jun |
| 10 - 11:30 | (Mon ~ Thurs) | 30 Jun |
| 6 - 7:30 | (Mon ~ Thurs) | 30 Jun |
| 7:30 - 9 | (Mon ~ Thurs) | 1 July |
| 1 - 4:00 | (Sat + Sun) | 5 July |
| 1 - 2:30 | (Mon ~ Thurs) | 7 July |

| BASIC WRITING | | |
|---|---|---|
| 10 - 11:30 | (Mon ~ Thurs) | 7 July |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 12 - 3:00 | (Sat + Sun) | 5 July |
| 3:30 - 5 | (Mon ~ Thurs) | 14 July |
| 7:30-10:30 | (Sat + Sun) | 20 July |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 30 Jun |
| 7:30 - 9 | (Mon ~ Thurs) | 8 July |

| VOCAB ENRICHMENT | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 18 Jun |
| 1 - 4:00 | (Sat + Sun) | 12 July |

| BASIC GRAMMAR | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 18 Jun |
| 10 - 12:00 | (Sat + Sun) | 28 Jun |
| 10 - 12:00 | (Sat + Sun) | 12 July |

**လှည်းတန်းကျောင်းခွဲ**
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင်

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 30 Jun |
| 7:30-10:30 | (Sat + Sun) | 6 July |
| 12 - 3:00 | (Sat + Sun) | 13 July |
| 7:30-10:30 | (Sat + Sun) | 20 July |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 30 Jun |
| 12 - 3:00 | (Sat + Sun) | 6 July |
| 1 - 2:30 | (Mon ~ Thurs) | 8 July |
| 10-11:30 | (Mon ~ Thurs) | 14 July |

| BASIC GRAMMAR | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 1 July |
| 11 - 1:00 | (Sat + Sun) | 27 July |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 8 July |
| 10-11:30 | (Mon ~ Thurs) | 14 July |

| IELTS (Preparation) | | |
|---|---|---|
| 1 - 3:30 | (Mon ~ Thurs) | 23 Jun |
| 1 - 4:30 | (Sat + Sun) | 20 July |

| IELTS Exam Practice | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 14 July |

| IELTS (Speaking) | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 30 Jun |

| IELTS (Reading) | | |
|---|---|---|
| 7:30-9:30 | (Mon ~ Thurs) | 23 Jun |

| IELTS (Writing) | | |
|---|---|---|
| 11 - 1:00 | (Sat + Sun) | 28 Jun |



**Amazing Time**
Travels & Tours

မြည်တွင်းရေးရာ

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်းထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၈**

၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများမှ စာမူနှင့် လက်ရာများကို အကဲဖြတ်ပညာရှင် ၅၁ ဦးမှ စိစစ်ရွေးချယ်ခဲ့ရာ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုကို ဟင်္သာတမြို့ တာငါးဆယ်ဆောင် ရပ်ကွက်နေ ဦးသန်းဦး(သန်းကိုဦး-ဟင်္သာတ)၊ ဒုတိယဆုကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်နေ ဒေါ်အေးအေးမာ(အင်ကြင်းမေ၊ နေပြည်တော်)၊ တတိယဆုကို သရက်ခရိုင် ကမမြို့ ခြောက်ပင်ရွာနေ ဦးဇင်ပိုင်ဖြိုး (ဇင်ပိုင်ဖြိုး-ကံမ)နှင့်အထူးဆုရရှိသူ သုံးဦး၊ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို နေပြည်တော် ထုတ်လုပ်ရေးတပ (ပြည်သူ့ဆက်ဆံရေး) မှ တပ်ကြပ်ကြီး ဘိသန်း(ဘန်းရဲနိုင်-ဂန့်ဂေါ)၊ ဒုတိယဆုကို ပုသိမ်မြို့ တောင်ရာမည(၁) လမ်းနေ မလိုင်းဇာလီသိမ့်(ပုသိမ်သ)၊ တတိယဆုကို ပုသိမ်မြို့ အမှတ်(၈) ရပ်ကွက်နေ မောင်ငွေးအောင် (သက်ဝေမှူး-မြဝတီ)နှင့် အထူးဆု သုံးဦး၊ ကဗျာပြိုင်ပွဲတွင် ပထမဆုကို လိုင်လင်ခရိုင် မိုင်းပန်မြို့ လမ်းမတော်ရပ်ကွက် (၄)နေ ဦးဖုန်းကျော်(ခင်ဖုန်းကြည်-မိုင်းပန်)၊ ဒုတိယဆုကို မိုးမောက်မြို့ အမှတ် (၄၃၇) မြမြန်တပ်ရင်းမှ ဗိုလ်ကြီးသက်နောင် (ပလောစိုးနုံ့သာ)၊ တတိယဆုကို ဇလန်မြို့ လမ်းမတော (မြောက်)ရပ်ကွက်နေ ဦးမြင့်ဆန်း(ဇလွန်မောင်စမ်းအောင်)နှင့် အထူးဆုရရှိသူ သုံးဦး၊ တေးသီချင်း ပြိုင်ပွဲတွင် ပထမဆုကို လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက်နေ ဒေါ်မေသန့်ရွေ (ငယ်သန့်-သုခုမ)၊ဒုတိယဆုကို လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက်နေ ဦးဝေလင်း (ဝေလင်း-သုခုမ)၊ တတိယဆုကို တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် သမင်္ဂလာလမ်းနေ ဦးမြင့်လင်(လားရှိုး မြင့်သိန်းအောင်) နှင့် အထူးဆု သုံးဦး ရရှိခဲ့သည်။

ဓာတ်ပုံပြိုင်ပွဲတွင် ရမည်းသင်းမြို့ လမ်းမတော်နေ အေးလင်ဦး(ရွှေပန်းချီ)မှ ပထမဆု၊ ပုသိမ်ကြီးမြို့ မြို့မရပ်နေ အောင်ကျော်ထွန်း (ပုသိမ်ကြီး)မှ ဒုတိယဆု၊ ချမ်းအေးသာစံမြို့နယ် (၂၆×၂၇)ကြား (၉၂) လမ်းနေ မျိုးမင်းကွယ် (ရွှေတောင်ကြား)မှ တတိယဆုကို ကလည်းကောင်း၊ ကန်ပျူတာပိုစတာ ပြိုင်ပွဲတွင်ပထမဆုကို ကျိုင်းတုံမြို့နေ မသီရိနန္ဒာရှေ့ဝါဘုန်း၊ ဒုတိယဆုကို တောင်ဒဂုံမြို့နယ် (၂၄) ရပ်ကွက်နေ ဦးဝဏ္ဏအေး၊ တတိယဆုကို မြို့ ရပ်ကွက် (၂) နေ စိုင်းရစ်ချတ်ဝူး ဘရိုင်းနှင့် အထူးဆုရရှိသသုံးဦး၊ ပန်းချီ (မူလတန်း)ပြိုင်ပွဲတွင် ပထမဆုကို (၂) မြေးအေးသာစံမ (၂၀)ပသိမ်မှမောင်စစ်မင်းနိုင်၊တတိယဆုကို အထက(၁) လိုင်ကော်မှ မအိမ့်မှူးကိုကိုနှင့်အထူးဆုသုံးဦး ရရှိခဲ့ကြသည်။

ပန်းချီ(အလယ်တန်း)ပြိုင်ပွဲတွင် ပထမဆုကို အထက(၄)အလမှ မောင်ဇေရှန်နိုင်၊ ဒုတိယဆုအား အထကခွဲ(၁) လိုင်ကော်မှ မဖြူနှင်းထက်၊ တတိယဆုကို အထက(၆)လားရှိုးမှ မသဲဆုမျကသယ်နှင့် အထူးဆုရရှိသ သုံးဦး၊ ပန်းချီ(အထက်တန်း)ပြိုင်ပွဲတွင် ပထမဆုကို အထကခွဲ(၄)လိုင်မှ မခင်စုစုဟန်၊ ဒုတိယဆုကို ကချင်ပြည်နယ် အထက(မြသီတာ)မှ မောင်ငြိမ်းချမ်းဝေနှင့် တတိယဆုကို အထက(၂) စမ်းချောင်းမှ မဆွေယွန်းနနီနှင့် အထူးဆုရရှိသူ သုံးဦး၊ ကာတွန်း(မူလတန်း)ပြိုင်ပွဲတွင် ပထမဆုက အထက (၂) တောင်ငူမှ မသင်းဆုစန၊ ဒုတိယဆုကို မိုးကောင်းမြို့ အမက(အလယ်ရပ်)မှ မောင်ထက်ဝေယံထူး၊ တတိယဆုကို အမက(၂၀) ပုသိမ်မှ မောင်ဇော်လင်းတကနှင့် အထူးဆုရရှိသ သုံးဦး၊ ကာတွန်း (အလယ်တန်း) ပြိုင်ပွဲတွင် ပထမဆုကို အထက (၃) မြစ်ကြီးနားမှ မောင်စည်သအောင်လတ်၊ ဒုတိယဆုကို လေကျင့်ရေးကျောင်း (အလက) တောင်ငူမှ မဖြူစင်အန်းမြင့်၊ တတိယဆုကို အထက(၆)ပုသိမ်မှ မောင်မြင့်မိုးအောင်နှင့် အထူးဆုရရှိသ သုံးဦး၊ ကာတွန်း (အထက်တန်း) ပြိုင်ပွဲတွင် ပထမဆုကို အထက(၂) လသာမှ မပြည့်သနာစိုး၊ ဒုတိယဆုကို အထက (၂) ဟုမ္မလင်းမှ မခင်ခင်ချို၊ တတိယဆုကို အထက (၂) လသာမှ မနှင်းရတနာဦးနှင့် အထူးဆုရရှိသ သုံးဦး၊ ပိုစတာ (မူလတန်း) ပြိုင်ပွဲတွင် ပထမဆုကို အထက(၂) လသာမှ မကြည်ဇင်သန့်၊ ဒုတိယဆုကို အလက (၅) လားရှိုးမှ မောင်ရဲထွဋ်အောင်၊ တတိယဆုကို အထကခွဲ (၂) ပဲခူးမှ မသင်းဆုစန္ဒီနှင့် အထူးဆုရရှိသ သုံးဦးရှိကြောင်း သိရသည်။

ပိုစတာ (အလယ်တန်း)ပြိုင်ပွဲတွင် ပထမဆုကို အထက(၁) လမ်းမတော်မှ နော်ဆာကဆောစိနဒေး၊ ဒုတိယဆုကို အထက(၂) သန်လျင်မှ မောင်ဘုန်းပြည့်ကျော်၊ တတိယဆုကို အထက (၆) လားရှိုးမှ မနှင်းအိလှိုင်နှင့် အထူးဆုရရှိသ သုံးဦး၊ ပိုစတာ (အထက်တန်း)ပြိုင်ပွဲတွင် ပထမဆုကို အထက (၃) ဒဂုံမြောက်မှမချောအိခင်၊ ဒုတိယဆုကို အထက (၄) အလုံမှ မောင်မင်းသခ၊တတိယဆုကို အထက(၁) မရမ်းကုန်းမှ မသင်းနန္ဒာစိုးနှင့် အထူးဆုရရှိသသုံးဦး၊ ကွန်ပျူတာ ပန်းချီ (အလယ်တန်း) ပြိုင်ပွဲတွင် ပထမဆုကို အထက (၃) မကွေးမှ မမိုးစက်ချို၊ ဒုတိယဆုကို (၂) စမ်းချောင်းမှ မဝင့်ကေခိုင်မြင့်၊ တတိယဆုကို အလက (၁၂) အင်းစိန်မှ မောင်မင်းသကျော်နှင့် အထူးဆုရရှိသ သုံးဦး၊ ကွန်ပျူတာ ပန်းချီ (အထက်တန်း)ပြိုင်ပွဲတွင် ပထမဆုကို မြိတ်မြို့နယ် ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်အထူးအောင်၊ ဒုတိယဆုကို မန်ပြည်နယ် အထက(လမိုင်း)မှ မောင်ခန့်ဇော်နိုင်၊ တတိယဆုကို အထက (၄) မကွေးမှ မောင်ဝေယျာအောင်နှင့် အထူးဆုသုံးဦးတို့ အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ကော့သောင်းမြို့တွင် နေအိမ်တစ်လုံးမီးလောင်

**ကော့သောင်း ဇွန် ၁၈**

ကော့သောင်းမြို့ ပိတောက်ရှေ့ဝါရပ်ကွက် မြရည်ပလဲလမ်းရှိ အိမ်အမှတ် (၂၃၀) အုပ်ညှပ်သွပ်မိုးနှစ်ထပ်နေအိမ် အောက်ထပ် အခန်းတွင် ဝါယာရှော့ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်စဉ်တစ်ခု ဇွန် ၁၇ ရက် နံနက် ၉ နာရီ ၅၅ မိနစ်က ဖြစ်ပွားသည်။

ဖြစ်စဉ်မှာအဆိုပါနေအိမ် အောက်ထပ်တွင် အခန်းနှစ်ခန်းရှိရာတစ်ခန်းတွင် အိမ်ပိုင်ရှင်ဦးသန်းထွန်း(၄၀)နှစ်နှင့် မိသားစုဝင် ခြောက်ဦး၊ အောက်ထပ်ဘေးခန်းအားဦးနေမင်းစိုး (၃၁)နှစ်နှင့်မိသားစုဝင်သုံးဦး ငှားရမ်းနေထိုင်ကြပြီး အိမ်အပေါ်ထပ်တွင် ဦးမင်းသိန်း(၃၉)နှစ်နှင့်မိသားစုဝင်သုံးဦး ငှားရမ်းနေထိုင်ကြရာနေအိမ်အောက်ထပ်မှ လျှပ်စစ်ဝါယာရှော့ဖြစ်ပြီး ဇွန် ၁၇ ရက် နံနက် ၉ နာရီ ၅၅ မိနစ်က အဆောက်အအုံအားမီးစတင်လောင်ရာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ၊ NGO အဖွဲ့များ၊မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာတခြားအိမ်များသို့ မီးကူးစက်မှုမရှိဘဲ နံနက် ၁၀ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

နေအိမ်တိုင်းမှာ မီးသုံးတာ
မြစ္စာသတိရှိပါ

## အသိပေးကြေညာချက်

KOREA နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် MVPARAGON PESCADORES သင်္ဘောသည် ၁၉-၆-၂၀၁၄ ရက်နေ့ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမချပြီးချိန်တွင် မိမိတို့မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း- ၂၃၀၀၁၈၆

ကိုယ်စားလှယ်လုပ်ငန်းဌာန

## အမည်ပြောင်းခြင်း

တံတေးမြို့နယ် ဘုရားကြီး အထက ဒုသမတန်း(ဂ)မှ မောင်မြင့်မြတ်ကောင်းအား မောင်သုတအောင်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်သုတအောင်

## ဖခင်အမည်မှန်

တံတေးမြို့နယ် ဘုရားကြီး အထက ဒုသမတန်း(ဂ)မှ မောင်သုတအောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းတိုး [၁၂/ဒပန(နိုင်)၀၀၅၉၀၇] ဖြစ်ပါသည်။

သိရိကြယ်စင်
အထူးစာသင်ဝိုင်း နှင့် အဆင့်မြင့် ဘော်ဒါ
အလယ်တန်း၊ တက္ကသိုလ်ဝင်တန်း
Repeater(၁၅)ဦး

နှစ်စမှနှစ်ဆုံးထိတာဝန်ယူသင်ကြားပေးမည် ဆရာကြီးများ
မြန်မာစာ • ဆရာကျော် (ရန်ကုန်တက္ကသိုလ်)
အင်္ဂလိပ်စာ • ဆရာဦးခင်မောင်လှ (ရန်ကုန်အဝေးသင်တက္ကသိုလ်)
သင်္ချာ • ပါမောက္ခဦးအေးအောင်
ဓာတုဗေဒ • ဆရာ Dr.U.T.A (တွဲဖက်ပါမောက္ခ၊ရန်ကုန်တက္ကသိုလ်)
ရူပဗေဒ •
ဇီဝဗေဒ • ဆရာဘာ BIO (တွဲဖက်ပါမောက္ခ၊
ဘောဂဗေဒ • ဆရာဦးဘုန်းနိုင် (ဘောဂဗေဒ)
အမှတ် ၆၆၊ ၁၅၇လမ်း၊ တာမွေမြို့နယ်၊ မြို့။ ၀၉-၇၃၀၉၅၆၆၄၊ ၀၉-၅၀၅၃၈၇၄

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

လပြည့်
09-50-37438
532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

RUBY
ကားစီးလုံးငှားသည်
519100
09-51-77212, 535100
၁၀၊၇)ယောက်စီးနှင့် Saloon,Van
ဘေးနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

## အမည်

ဦးလဝင်း(ခ)ဦးချိုလေး၏ သမီး၊ မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်နေ မသန္တာချိုလေး [၁/အဂယ(နိုင်)၀ပ၁၁၈၁] အား မသယ်သယ်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

ငွေကျားတိုက်
အလှဆင်မီးပန်းဆိုင်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး
Silver Tiger Co.,Ltd.
PHILIPS Home Lighting
Showroom Opening
10% to 20% OFF
No.(9/9A/10),Building (D),Ground Floor, Pearl Centre, Kabar Aye Pagoda Rd,Yangon Ph: 01- 8604040,551339
No.267,26th St, Between83x84st, Mandalay Ph: 02-66636, 86677.
23.6.2014 to 30.6.2014

# ငါးပုစွန်မွေးမြူသည့်တောင်သူများ ဘဏ်ချေးငွေရရှိရေး ဆောင်ရွက်ပေး

**နေပြည်တော် ဇွန် ၁၈**

မေးမြူရေး၊ ရေလုပငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီး ဌာန မေးမြူရေးနှင့်ရေလုပငန်းဆိုင် ရာဆပကော်မတီ (Delivery Unit) ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်အေး သည ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် Working Group အဖွဲ့များမှ မွေးမြူ ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့မှ တာဝနရှိ သများနှင့်တွေ့ဆုံကာ မေးမြူရေး တောင်သများက ကျေးလကဖွံ့ဖြိုးရေး ဘဏ်မှ ချေးငွေဆိုင်ရာတစ္စရပ်များ အား ဘဏ်လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်နိုင်ရေးအတက ညှိနှိုင်းဆွေးနွေးသည်။

ဇွန် ၁၆ ရက် နနက ၁၀ နာရီခွဲတင် ပဲခူးတင်းဒေသကြီး လကပံတနးမြို့ နယ် အထေထေအုပ်ချုပ်ရေး ဦးစီး ဌာန အစည်းအဝေးခန်းမ၌ သာယာ ဝတီခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အထောကအကပြုအဖွဲ့များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ကျေးလကဖွံ့ဖြိုးရေး ဘဏ်တမှ တာဝနရှိသများ၊ ငါးမေးကနလုပ်ငန်း ရှင်များနှင့် တေ့ဆုံကာ လကပံတနး မြို့နယ်အတင်းရှိ လမ်း၊ တတား၊ တာကမ၊ ပညာရေး၊ ကျနးမာရေးတ အတတ တင်ပြချကများအပေါ် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ပေး ခြင်း၊ Delivery Unit အဖွဲ့များသိ ဆကလကတင်ပြ ဆောင်ရွကပေးရ မည့်ကစ္စရပများအား ညှိနှိုင်းဆွေးနွေး ခြင်း၊ ကျေးလကဒေသဖွံ့ဖြိုးတးတက ရေးဦးစးဌာနမှ ဘတဂျကအပါအဝင် ဆကလကဆောင်ရွကရမည့်ကစရပ် များအား ညှိနှိုင်းဆွေးနွေးခဲ့သည။

ဒုတယဝနကြီးသည် လကပံတနး မြို့နယ်တင် လကရှိငါးမေးတန ဧက ၄၄၀၀ နှင့် တိုးချဲ့မွေးမြူမည် ဧက ၁၀၀၀ တတင် ငါးပုစ္စန်မေးမြူနေသည့် လုပ်ငန်းရှင် ၄၅ ဦးနှင့် တေ့ဆုံကာ လတကလော ဖြေရှင်းဆောင်ရွက ရမည့် ငါးအစာဖိး၊ ကန်ပြင်ဆင် စရိတကအတတ မွေးမြူရေးမတည့် ရင်းနှီးမှုအနေဖြင့် အတိုးနှုန်း သက်သာသည့် ချေးငွေထုတချေးခြင်း ဖြင့် ငါးပုစ္စနမွေးမြူသည်တောင်သူ များ၏ အကျိုးအမြတ် ပိုမိုရရှိစေရေး တအတတ ကျေးလကဖွံ့ဖြိုးရေးဘဏ် မှ တာဝနရှိသများ၊ မြန်မာနိုင်ငံငါး လုပ်ငန်းအဖွဲ့ချုပ်၊ ငါးပုစ္စနမွေးမြူရေး အသင်းဥက္ကဋ္ဌတို့နှင့် ပေါင်းစပ်ညှိနှိုင်း ကာ ဝိုင်းကြီးချုပ်စနစ်ဖြင့်ဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ ဘဏ်လုပထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်နိုင် ရေးတို့အတွက် အသေးစိတ်ညှိနှိုင်း ဆွေးနွေးကာ ဘဏ်ချေးငွေရရှိရေး အတက ဆောင်ရွကပေးခဲ့သည။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်း တင် လကပံတနးမြို့နယ် ကန ၁၀၀ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးကုန်ထုတ် သမဝါယမအသင်း၏ ငါးပုစ္စန်မွေးကန် များ မွေးမြူထားရှိမှုအခြေအနေများ၊ တိုးချဲ့လုပ်ကိုင်မည် ဧက ၁၀၀၀ ငါးကန်များ၏ ကန်ပေါင်ပြင်ဆင်ထား ရှိမှုအခြေအနေများအား လှည့်လည် စစ်ဆေးခဲ့ကြောင်း သတင်းရရှိ သည။ **(သတင်းစဉ်)**

**မြန်မာ့ဝင်လယ်ပြင် အခြေအနေ**

မြန်မာ့ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရဖန်ရခါ မိုးသက်လေပြင်းများ ကျရောက် ပြီး လှိုင်းကြီးမည်။ မိုးသက် လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီ လျှင် မိုင် အထိ တိုက်ခတ် နိုင်သည်။

# ရွှေတောင်မြို့တွင် စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်

**ရွှေတောင် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့ စက်မှုဝန်ကြီးဌာန အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)မှ စွန့်လွှတ်လယ်ယာမြေများအား မူလပိုင်ရှင်များ ထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားက ဇွန် ၁၇ ရက် နနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တျင်းပရာ အခမ်းအနားတင် ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားသည်။

ဆကလက၍ ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူးက စွန့်လွှတ်သည့်စိုက်ပျိုးမြေဧက ၄၀ ဒသမ ၅၀ ဧကအား ယာယီစိုက်ပျိုးလုပ်ပိုင်ခွင့်လက်မှတ်များကိုပေးအပ်ရာ မူလပိုင်ရှင်တောင်သူ ၁၉ ဦး ကိုယ်စား တောင်သူဦးဝင်းနိုင်က လက်ခံရယူကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

မေးမေးနေကြတဲ့...ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ) ရဲ့ စာအုပ်သစ်

**လုပ်ငန်းခွင်ဆိုင်ရာ အမေးအဖြေများ**

**လင်းသိုက်ညွန့် (မြန်မာ့မြေ)**

Job Opprtunity ဂျာနယ်တွင် ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ) အပတ်စဉ်ဖြေကြားပေးခဲ့သော လုပ်ငန်းခွင် ဆိုင်ရာ အမေးအဖြေများ စုစည်းမှု... အလုပ်လုပ်နေသူတိုင်း ဖတ်ရှုသင့်သည့်စာအုပ်

ဇွန် ၂၁ရက် (စနေနေ့) မြေနီကုန်း Myanmar Event Park (MEP) တွင် ကျင်းပမည့်ပွဲ Readers Channel Boothတွင် ဤစာအုပ်သစ်နှင့် အခြားစာအုပ်များကို နေ့လည် မှ ၂:၀၀ နာရီအထိ ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် လက်မှတ်ရေးထိုးပေးပါမည်။

ဖြန့်ချိရေး – Success စာပေ 01 548500, 503172, 09254114537, 0943121060

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

ရန်ကုန် ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၉၁-ရပ်ကွက်၊ ဇလွန်(၁)လမ်း၊ အမှတ်(၃၂၂)၊ အကျယ်အဝန်း (အလျား ၄၀ပေ×အနံ ၆၀ပေ)ရှိ ဦးအောင်မြေအမည် ပေါက်ပါမစ်မြေအမျိုးအစားမြေကွက်ကို မူလပိုင်ရှင် ဦးအောင်ဝေထမ်းဒေါ်သိန်းငွေ (၁၂/ရကန(နိုင်)၀၃၀၅၂၀)မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှတစ်ဆင့်ကျနုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါ၍အဆိုပါရောင်းချသည့် မြေကွက် နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွလာရောက် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တင်တင်ညို (LL.B., D.B.L., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၃၈၉ )
အမှတ်(၁၀/၁၂)၊ ပထမထပ်၊ အခန်း-၁၀၄(အီး)၊ ၃၅-လမ်းတို(အောက်)၊
ကျောက်တံတားမြို့နယ်၊ – ၀၉ ၅၃၁၀၈၀၂၂

ဖုန်း 380164, 09 5017088, 09250640699
နေ့စဉ်အ နှင့်လ ချုပ် ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ဖုန်း 01-293159, 01-9000293, 09-5160048
ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

မီး သတိပြု

# ပရိသတ်ထံ သီချင်းသစ်ဖြင့် ပြန်လည် ရောက်ရှိလာမည့် ချက်စတင်ဘီဘာနှင့် ခရစ္စဘရောင်း

**မျိုးစန္ဒာမောင်**

အနောက်တိုင်းဂီတလောကတွင် လူငယ်ပရိသတ်များ အားပေးနေသော်လည်း ယခုနှစ်ပိုင်းတွင် စိတ်မ သကာသာမှုများနှင့်ကြုံတွေ့နေကြရသည့် ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနှင့် ခရစ္စဘရောင်းတို့ ပူးပေါင်းကာ သီချင်းသစ်တစ်ပုဒ် ဖန်တီးလျက်ရှိကြောင်းသိရသည်။

အဆိုပါဂီတကြယ်ပွင့်များသည် ၂၀၁၁ ခုနှစ်က ခရစ္စ ဘရောင်း၏ F.A.M.E. အယ်လဘမ်တွင် ဆုံတွေ့ခဲ့ကြ ဖြစ်ပြီး ဘီဘာက မိမိနှင့် ဘရောင်းတို့သည် ပရိသတ်များအတွက် သီချင်းသစ်တစ်ပုဒ် ဖန်တီးလျက်ရှိ ကြောင်းနှင့် ပရိသတ်များထံသို့ သီချင်းသစ်ဖြင့် ပြန်လည် ရောက်ရှိလာမည်ဖြစ်ကြောင်း ဘီဘာက ပရိသတ်များထံသို့ အသိပေးခဲ့သည်။

လက်ရှိတွင် ဘီဘာသည် ဖန် တင်ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်ကြောင့် အမှုစစ်ဆေးခြင်းကို စောင်ဆိုင်းနေရသဖြစ်ပြီး ခရစ္စဘရောင်းမှာမူ ၎င်း၏ ချစ်သူ ရီဟားနားနှင့်ပတ်သက်ပြီး ရန်ပွဲတစ်ခုဖြစ်ပွားရာမှ တရားဥပဒေ၏ အပြစ်ပေးခြင်းကိုခံထားရသူတစ်ဦးလည်း ဖြစ်သည်။

# ရုပ်သံဇာတ်လမ်းတွဲ ထုတ်လုပ်ရေးလုပ်ငန်းများတွင် လက်ထောက်အဖြစ်ပါဝင်မည့် မာလီယာအိုဘားမား

အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ သမီးနှစ်ဦး အနက သမီးကြီးဖြစ်သည့် မာလီယာအိုဘားမားက လာမည့် ဇူလိုင်လတွင် အမေရိကန်ရုပ်သံလိုင်းတစ်ခုဖြစ် သည့် စီဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် Extant သိပ္ပံဇာတ်လမ်းတွဲ၏ ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကူ လက်ထောက်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် အမေရိကန်မင်းသမီးနှင့် ဖက်ရှင်မော်ဒယ်တစ်ဦးဖြစ်သူ အကယ်ဒမီမင်းသမီး ဟယ်လဘယ်ရက အာကာသအတွင်းသို့ တာဝန်ဖြင့် တစ်နှစ်ကြာသွားရောက်ခဲ့စဉ် နေ့စဉ် ခင်ပွန်းသည်နှင့် ဖြစ်သူတို့အား ပြန်လည်ဆက်သွယ်ခွင့်ရရှိရန် ကြိုးပမ်း ခဲ့သည့် အမျိုးသမီးအာကာသယာဉ်မှူးတစ်ဦးအဖြစ် ခေါင်းဆောင်အဖြစ် ပါဝင်ထားကာ ယင်းဇာတ်လမ်းတွဲကို ဝါရင့်ဒါရိုက်တာကြီး စတီဗင်စပီးလ်ဘတ်ခ်က ထုတ်လုပ်မှု ပိုင်းဆိုင်ရာ စီမံခန့်ခွဲသူတစ်ဦးအဖြစ် ဆောင်ရွက်မည်ဖြစ် သည့်။

Extant သိပ္ပံဇာတ်လမ်းတွဲကို ဇူလိုင် ၉ ရက်တွင် စီဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားရန် စီစဉ် ထားကြောင်း သိရသည်။

**ဝမ်းမြောက်ဂုဏ်ယူ**

ဦးနင်းဆောင် (အုပ်ချုပ်မှုဒါရိုက်တာ) Global Partner Company Limited နှင့် ဒေါ်သန်းသန်းဦး(ခ) မချိုတို့၏ သမီးငယ် မပွင့်သဲခိုင် (ခုံအမှတ်- ဆဗထ-၁၀၇၊ အထက(၅) ဗိုလ်တထောင်) သည် ၂၀၁၃ - ၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူအပ် ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ
-Global Partner Company Limited
-Green Land Export & Import Management Agency

**ဝန်ထမ်းအလိုရှိသည်**

အရောင်းတာဝန်ထမ်းဆောင်ရန် - မ (၅)ဦး
အသက်(၂၀)နှစ်မှ(၃၀)နှစ်
ဘွဲ့ရဖြစ်ရမည်။
ရုပ်ရည်သန့်ပြန့်ရမည်။
လစာ(၁၅၀၀၀၀/-)ကျပ်

လျှောက်ထားသူများသည် ဓာတ်ပုံ(၁)ပုံ၊ CV Form၊ ပညာအရည်အချင်းမိတ္တူတို့နှင့် ကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

U AUNG KYAW OO MYANMAR HANDICRAFT SALE CENTER

အမှတ်(၄၅၀)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်

အားကစား

# မြန်မာ့ရိုးရာဝိုင်းဖွဲ့ ခြင်းလုံးခတ်ပြိုင်ပွဲ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ညှိနှိုင်းဆွေးနွေးမည်

**ရန်ကုန်　ဇွန်　၁၈**

မြန်မာ့ရိုးရာဝိုင်းဖွဲ့ ခြင်းလုံးခတ်ပြိုင်ပွဲ အားကစားဥပဒေ၊ နည်းစနစ်၊ စည်းမျဉ်းစည်းကမ်းများပြည့်စုံစွာ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးမြို့၌ ဇွန် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဗဟိုကော်မတီဝင်များ၊ နည်းပညာကော်မတီဝင်များ၊ ဒိုင်လူကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ကိုယ်စားလှယ်များနှင့် ခြင်းခတ်ပညာရှင်များတတ်ရောက်နိုင်ပြီး ခြင်းလုံးအဖွဲ့ချုပ် ဖုန်း ၀၁-၃၉၃၄၂၀၊ ဦးဇော်ဇော်မောင်မြင့် (အတွင်းရေးမှူး-၁) ဖုန်း ၀၉-၆၈၀၁၇၄၄နှင့် ဦးကိုကိုအောင် (အတွင်းရေးမှူး-၂) ဖုန်း-၀၉-၄၂၀၁၃၈၁၇၄ တို့သို့ ဆက်သွယ် နိုင်ကြောင်း သိရသည်။

**[ခြင်းလုံးအဖွဲ့ချုပ်]**

**ဘရာဇီး ၀ - ၀ မက္ကဆီကို**

အိမ်ရှင်ဘရာဇီးကတော့ ပရိသတ်ငါးသောင်းကျော်ရှေ့မှောက်မှာ ပရိသတ်အကြိုက်ကျေနပ်အောင်စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိပါဘူး။ စကိုလာရီရဲ့ Line up မှာ အဓိကတိုက်စစ်မှူးဟော့ခ် ကြံခိုင်မှုမပြည့်ဝလို့သူ့ရဲ့နေရာမှာ ရာမီရက်စ်ဝင်ကစားတာကလွဲရင်ပွဲထွက်လူစာရင်းက ဘာမှအပြောင်းအလဲမရှိခဲ့ဘူး။ ဒါ့အပြင်စကိုလာရီဟာ အပြောင်းအလဲ လုပ်ဖို့အတွက် ဝန်လေးနေပြီး ဘရာဇီးတွင်းလယ်မှာ ဝီလီယံ၊ ဖာနန်ဒင်ဟိုစတဲ့ကစားသမားကောင်းတွေ အဆင်သင့်ရှိနေပေမယ့် တောက်လျှောက် ပေါ်လင်ဟို၊ ဂူစတာဗိုအတွဲကိုသာ အသုံးပြုနေခဲ့ပြီး ဒီအတွဲအဖက်က ခစစ်တိုက်စစ်မမျှတဘဲအားနည်းချက်အချို့ရှိနေတာကြောင့် ဘရာဇီးဂိုးရဖို့အမြဲတမ်း ရုန်းကန်နေရပါတယ်။ ဒါ့အပြင် မက္ကဆီကိုအသင်းရဲ့ Counter Attack တွေကို ထိန်းချုပ်ရာမှာ ဘရာဇီး

# အိမ်ရှင်နိုင်ငံပွဲပျောက်ခဲ့ပြီးတောင်ကိုရီးယားအသင်း အခြေအနေကောင်းခဲ့တဲ့ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များ

နောက်တန်းအတွက် အခက်တွေ့ခဲ့ပြီး ပီရယ်တာ၊ ဟာရဲရား၊ ဒေါ့စ်ဆန်းတို့စ်တို့ရဲ့ တိုတ်စစ်တ ဘရာဇီးဂိုးပေါက်တို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ဘရာဇီးကတော့ ဘောလုံးပိုင်ဆိုင်မှုအသာစီးရနေတာတလွဲရင် ဘာမှမလုပ်နိုင်ခဲ့ဘဲ ရရှိခဲ့တဲ့ အခွင့်အရေးတချို့ကို နေမာ၊ ဖရက်ဒ်ကို ဖန်းတီးခဲ့တာကြောင့် ပွဲအပြီးမှာ ဂိုးမရှိသရေကျခဲ့ပါကယ်။

**ရုရှား ၁-၁ တောင်ကိုရီးယား**

ကောင်ကိုရီးယားအသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ကစားတဲ့ ရုရှားနဲ့ ပွဲစဉ်မှာ အမှားအယွင်းမရှိဘဲ အမှတ်ရယူနိုင်ခဲ့ပါတယ်။ ဒီနေ့ပွဲစဉ်မှာတောင်ကိုရီးယားအသင်းဟာ ဟောင်ဂျောင်ဟို၊ ကင်ယောင်ဂွန်း၊ ကူဂျာချိုးလ်၊ ပတ်ချုယောင်၊ ဆွန်ဟောင်မင်၊ ပတ်ဂျောင်ဝူ၊ လီယောင်စတဲ့ အဓိကကစားသမားအစုံအလင်နဲ့ပွဲထွက်လာခဲ့ပြီး ရုရှားအသင်းကိုရင်ဆိုင်ခဲ့ပါတယ်။ ရုရှားအသင်းကလည်း ရှာတော့ဗ်၊ ဇာကော့ဗ်၊ ဆာမီဒေါ့ဗ်၊ ဇာဂိုယက်ဗ် စတဲ့ကစားသမားကြေရဲ့ လျင်မြန်မှုနဲ့ တောင်ကိုရီးယား အသင်းဘက်ကိုထိုးဖောက်ခဲ့ပေမယ့် ရုရှားရဲ့ ကစားဟန်ဟာ အလုပ်မဖြစ်သလို ကွင်းလယ်မှာသာအပျက်များခဲ့ပြီး တောင်တိုရီးယား ဂိုးပေါက်တိုခြိမ်းခြောတ်နိုင်ခြင်းမရှိပါဘူး။ ဒါ့အပြင် ရုရှားရဲ့ ကစားပုံဟာ ဒီနေ့မှာ စိတ်ပျက်စရာကောင်းခဲ့ပြီး တောင်ကိုရီးယား တစားသမားတွေရဲ့ အရပ်အမောင်းနဲ့ ကြံ့ခိုင်မှုကို ယှဉ်မတစားနိုင်တာကို တွေ့ရပါတယ်။ ခြေစစ်ပွဲစဉ်တွေမှာ ရလဒ်တွေကောင်းခဲ့တဲ့ ရုရှားဟာ ဒီနေ့ပွဲစဉ်မှာတော့ ပုံမှန်ခြေစွမ်းပျောက်ခဲ့ရပြီး တောင်တိုရီးယားရဲ့ မာကျောကဲ့ကွင်းလယ်ကိုကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် တောင်ကိုရီးယားရဲ့ တိုက်စစ်ဟာလည်း အနည်းငယ်အားပျော့ခဲ့ပြီး ဆွန်ဟောင်မင် နဲ့ ပတ်ချုယောင် ပုံမှန်ခြေစွမ်းအောက်ရောတ်နေခဲ့လို့ ရုရှားခံစစ်အလုပ်ရှုပ်သက်သာခဲ့ပါတယ်။ ပထမပိုင်း မိနစ် ၆၀ ကျော်ထိ ဂိုးမရှိသရေကျနေပေမယ့် ပွဲ ကစားချိန် ၆၉ မိနစ်မှာ လီတွမ်ဟိုရဲ့ အမှတ်မထင်အဝေးကန်ချက်ကို ရုရှားဂိုးသမား အတင်ဖိဗ ပုတ်ထုတ်ပေမယ့် ဘောလုံးက ဂိုးထဲပြန်ဝင်သွားခဲ့တာကြောင့် တောင်ကိုရီးယားအသင်း ဦးဆောင်ဂိုးရရှိခဲ့ပါတယ်။ ဂိုးပေးလိုက်ရပြီးနောက်မှာ ရုရှားအသင်းပြန်လည်တိုက်စစ်ဆင်ခဲ့ပြီး တောင်က်ိုရီးယားနောက်တန်းနဲ့ ဂိုးသမားဂျန်ဆန်ယောင်း တိုတိ မတော်ဖြတ်နိုင်ပေမယ့် ဂိုးရရှိဖို့အခွင့်အရေး သုံးကြိမ်လောတ်ရရှိခဲ့ပါတယ်။ ပွဲကစားချိန် ၇၃ မိနစ်မှာ ရုရှားကချေပဂိုးကိုပြန်လည်ရရှိသွားခဲ့ပြီး ရုပ်ရုက်ခပ်နေတဲ့အနေအထားတနေ ခါဇာတော့ဗ်အနိုးကပ်ကန်သွင်းယူခဲ့ပါတယ်။ အဲဒီနောက်မှာ တောင်ကိုရီးယားအသင်း ဘောလုံးပိုင်ဆိုင်မှု အသာနဲ့ကစားနိုင်ခဲ့ပေမယ့် ပွဲအပြီးမှာတော့ တစ်ဂိုးစီသရေကျခဲ့ပြီး အုပ်စုအဆင့်ကနေ ကျော်ဖြတ်နိုင်ဖို့အတွက် လိုအပ်နေတဲ့ အဖိုးတန်တစ်မှတ်ကို တောင်ကိုရီးယားအသင်းရယူနိုင်ခဲ့ပါတယ်။

**ကိုရဲ**

# ခရိုအေးရှားကွင်းလယ်လူ ရာကီတစ်အား ဘာစီလိုနာခေါ်ယူ

စပိန်လာလီဂါ ထိပ်သီးကလပ် အသင်းတစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းသည် လာမည့်ဘောလုံး ရာသီအတွက် ပထမဆုံး အားဖြည့်ခေါ် ယူမှုတစ်ရပ်အဖြစ် ဆီဗီလာအသင်း၏ ခရိုအေးရှား ကွင်းလယ်ကစားသမား ရာကီတစ်အား ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ သို့သော် ၎င်း၏ပြောင်းရွှေ့ကြေးကိုမူတရားဝင်ထုတ်ပြန်ခဲ့ခြင်းမရှိဘဲ အပြောင်းအရွှေ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဘာစီလိုနာလူငယ်ကစားသမား ဒင်းနစ်ကို ဆီဗီလာအသင်းထံ နှစ်ရာသီပြန်၍ အငှားချ ပေးရမည်ဖြစ်ပြီး ရာကီတစ်အား ငါးနှစ်စာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သည်။

ရာကီတစ်သည် လက်ရှိအချိန်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်နေသည့် ခရိုအေးရှားအသင်းနှင့်အတူ လေ့ကျင့်လျက်ရှိပြီး ၎င်းမှာ ဘာစီလိုနာနည်းပြသစ် လူးဝစ်အင်းနရစ်၏ ပထမဆုံး ခေါ်ယူမှုဖြစ်ကြောင်းသိရသည်။

**[စွမ်းထက်အောင်]**

**၂၀၁၄　ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များရလဒ်**

၁၇ - ၆- ၂၀၁၃

ဘယ်လ်ဂျီယံ　၂ - ၁　အယ်လ်ဂျီးရီးယား

| | |
|---|---|
| ဖယ်လိုင်နီ(၇၀ မိနစ်) | ဖက်ဂျ်ဟိုလီ (PK) |
| မာတန်(၈၀မိနစ်) | (၂၅ မိနစ်) |

၁၈ - ၆- ၂၀၀၃

ဘရာဇီး　၀ - ၀　မက္ကဆီ

ရုရှား　၁ - ၁　တောင်ကိုရီးယား

| | |
|---|---|
| ကာဇဟာကော့ဗ်(၇၄ မိနစ်) | လီဂျောင်ဟို(၆၈ မိနစ်) |

**၂၀၁၄ ကမ္ဘာ့ဖလား ဂိုးသွင်းထားသူများ**

| | | | |
|---|---|---|---|
| ၁။ | မူလာ | ဂျာမနီ | ၃ |
| ၂။ | နေမာ | ဘရာဇီး | ၂ |
| ၃။ | ဗန်ပါစီ | ဟော်လန် | ၂ |
| ၄။ | ရော်ဘင် | ဟော်လန် | ၂ |
| ၅။ | ဘန်ဇီမာ | ပြင်သစ် | ၂ |

# မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲအတွက် ဝက်ဘ်ဆိုက်သစ်လွှင့်တင်

မြန်မာနေရှင်နယ်လိဂ် (MNL) ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပြိုင်ပွဲ၏သတင်းအချက်အလက်များ၊ ပွဲပြီးရလဒ်များ၊ ပွဲကြိုလှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြနိုင်ရန်အတွက် အင်တာနက်စာမျက်နှာ တစ်ခုကိုလွှင့်တင်လိုက်ပြီဖြစ်ကြောင်းသိရသည်။ ယင်းစာမျက်နှာမှာ လွှင့်တင်ထားပြီးဖြစ်သော်လည်း အပြီးသတ်ရန်အတွက် အနည်းငယ်ကျန်ရှိနေသေးပြီးမြန်မာ့ဘောလုံးပရိသတ်များအတွက် ဝင်ရောက်ကြည့်ရှုလိုပါကအဆင်ပြေချောမွေ့စွာကြည့်ရှုနိုင်မည့်ဖြစ်သည်။ ၎င်းဝက်ဘ်ဆိုက်အား www.themnl.com ဟု ရိုက်နှိပ်ကာ ဝင်ရောက်ကြည့်ရှုနိုင်ပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲနှင့် ပတ်သတ်သောသတင်းများကိုလွှင့်တင်ထားပြီးဖြစ်ကြောင်းသိရသည်။ **[ရဲစွမ်း]**

## တစ်အားကြီးလိုင်းသွယ်တန်းနေစဉ် ဓာတ်လိုက်သေဆုံး

**ဘားအံ ဇွန် ၁၈**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၉) ရပ်ကွက် ကြာအင်းလမ်းဆုံ ပဒုမာလမ်းတွင် ဇွန် ၁၄ ရက်က လျှပ်စစ်ဓာတ်အားလိုင်းကြိုး သွယ်တန်းရန် ကွန်ကရစ်ဓာတ်တိုင်ပေါ်သို့ တက်ရောက်စဉ် အနီးရှိ ဝါယာကြိုးဟောင်းများနှင့်ထိမိ၍ သတိမေ့မြောနေပြီး ဆေးရုံသို့ တင်ပို့စဉ် လမ်းတွင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုကျော်နန္ဒ(ခ)ကတား (၃၄) နှစ် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ဇွဲကပင်(၁) ကန်းကြာအင်းမြို့ပတ်လမ်း အထွေထွေလုပ်သား(မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး)သည် ဇွန် ၁၄ ရက် နံနက်၁၀နာရီခန့်က ၎င်း၏ ယောက်ဖဖြစ်သူ ဦးကျော်သန်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းနေစဉ် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ကြာအင်းလမ်းဆုံ ပဒုမာလမ်းရှိ လျှပ်စစ်ဓာတ်အားလိုင်းကြိုး အသစ်သွယ်တန်းတပ်ဆင်ရန် ကွန်ကရစ်ဓာတ်တိုင်ပေါ်သို့ တက်ရောက်တပ်ဆင်နေစဉ် အနီးရှိ ဝါယာကြိုးဟောင်းများနှင့်ထိမိပြီး သတိမေ့မြောသွားသဖြင့် အနီးပတ်ဝန်းကျင်ရှိလူများက ဆေးရုံသို့တင်ပို့ကုသစဉ် လမ်းတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဘားအံမြို့မရဲစခန်းမှ တာဝန်မှူးဒုရဲအုပ် နိုင်ဝင်းဦးက ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ်စစ်ဆေးပေးနိုင်ရန် တိုင်တန်းသဖြင့် ဘားအံမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၂၂/၂၀၁၄)ဖြင့် အမှုဖွင့်အရေးယူကာ စခန်းမှူး ဒုရဲမှူး စိုးဝင်းက လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

**ရန်ကုန် ဇွန် ၁၈**

အလုံမြို့နယ်၌ ဇွန် ၁၈ ရက် မနက်လဲ ၁၂ နာရီ ၄၅ မိနစ်က သစ်တောလမ်းအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်လာသော BJ/---- ယာဉ်သည် အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းအလယ်အရောက် မြောက်ဘက်သို့အကွေ့တွင် မြောက်မှတောင်သို့ မောင်းနှင်လာသော ၉စ/---- အမှိုက်သယ်ယာဉ်နှင့်တိုက်မိရာ အမှိုက်သယ်ယာဉ်မှာ ယာဉ်တိုက်မှုအရှိန်ဖြင့် မြောက်မှတောင်သို့ မောင်းနှင်လာသော JF/---- ၁၃၂ လိုင်းကားအား အရှိန်မထိန်းနိုင်ဘဲ ထပ်မံတိုက်မိရာ BJ/---- ယာဉ်မှာ ဝဲဘက်ခြမ်းပိန့်၍ ဘေးမှန်များကွဲသွားပြီး ၉စ/---- အမှိုက်သယ်ယာဉ်မှာ ကားဦးခေါင်းပိုင်း ဝဲဘက်ခြမ်း ပျက်စီးသွားကာ JF/---- ၁၃၂ လိုင်းကား ဝဲဘက်မီးခွက်ပျက်စီးသွားကြောင်း သိရသည်။ **တင်မောင်ဦး(အလှ)**

## မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၈**

စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ကြီးဦးဆောင်သော သစ်တောဝန်ထမ်းများသည် ဇွန် ၉ ရက်နှင့် ၁၀ ရက်တို့တွင် နတ်တောင်(မြောက်) ဘိနယ်အတွင်း စစ်ကြောင်းဖွဲ့စစ်ဆေးခဲ့ရာ တရားမဝင် ကျွန်း၊ ဂျဉ်းကတ်းနှင့် ကညင်သစ် ၇၂လုံး(၂၁ ဒသမ ၁၆၆ တန်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် သပိတ်ကျင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ရက်က စစ်ကြောင်းဖွဲ့စစ်ဆေးရာ သပိတ်ကျင်းမြို့နယ် ပေါ်တော်မူဘုရားအနီးတွင် ဦးမောင်မောင် မောင်းနှင်လာသော ၈/-----UD ခြောက်ဘီး အဖြူရောင်ယာဉ်ပေါ်မှ တရားမဝင် အင်ကြင်းသစ် ငါးလုံး (၁ ဒသမ ၆၄၈ တန်)နှင့် တရားမဝင် သစ်ယာသစ်လေးလုံး(၁ ဒသမ ၅၁၂ တန်) စုစုပေါင်း တန် ၃ ဒသမ ၁၆၀ သိမ်းဆည်းရမိခဲ့ပြီး တရားခံအား သစ်တောဥပဒေပုဒ်မ-၄၂(ခ)အရ တရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကယားပြည်နယ် သစ်တောဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးဦးဆောင်သော သစ်တောဝန်ထမ်းများသည် ဇွန် ၁၃ ရက်က ဖရူဆိုမြို့နယ်အတွင်းရှိ လိုင်ကော်-မော်ချီးကားလမ်းမှ တရားမဝင် ကျွန်းသစ်တိုင် ၂၉လုံး (၁၄ ဒသမ ၀၅၀တန်) တင်ဆောင်လာသော ၆ခ/ ------- နစ်ဆန်းတာဘို ၁၀ ဘီး အဖြူရောင်ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ပိုင်ရှင်အား ဆက်လက်စုံစမ်းဖော်ထုတလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## လားရှိုးမိဘိုင်းအဖွဲ့ ၁၁ လအတွင်း ငွေကျပ် သိန်း ၁၂၀၀၀ ကျော်တန်ဖိုးရှိ တရားမဝင်အကောက်ခွန်မဲ့ စစ္စည်းများ သိမ်းဆည်းရမိ

**လားရှိုး ဇွန် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် အေးရှားဝေါလ် တီးဂိတ်အနီးတွင် ဖွင့်လှစ်လျက်ရှိသော မိဘိုင်းအဖွဲ့သည် ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်မှ စတင်ကာ တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများကို ရှာဖွေဖမ်းဆီးစစ်ဆေးလျက်ရှိရာ ၂၀၁၄ ခုနှစ် ဇွန် ၁၈ ရက်အထိ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၁၂၀၀၀ ကျော်က ဖမ်းဆီးရမိခဲ့သည်။

အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ကျ မိဘိုင်းခေါင်းဆောင်နှင့် အဖွဲ့တို့သည် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရာတွင် တမလန်း၊ ကျောက်စမ်း၊ ဟင်းချိုမှုန့်၊ ကားအပိုပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ ဖုန်းနှင့် ဖုန်းအပိုပစ္စည်းအမျိုးမျိုး၊ အလှကုန် ပစ္စည်းအမျိုးမျိုး၊ ဆေးဝါး၊ ကကဆက အစရှိသော အီလက်ထရွန်နစ်ပစ္စည်းများ၊ မြေပေး၊ မြေဟောက၊ လင်းမြေ အစရှိသော ထရစ်ခန များကိုလည်း ဖမ်းဆီးရမိလျက်ရှိသည်။

တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရာတွင် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသော ယာဉ်များက သိမ်းဆည်းလျက်ရှိရာ ဇွန် ၁ ရက်မှ ဇွန် ၁၈ ရက်အထိ အမတဲပေါင်း ခုနစ်မဖြင့် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၈၃၂၀၀၊ တမလန်းသစ် ၁ ဒသမ ၄၁၂၈ တနအား ၆င/--- FortonAumark TX ယာဉ်နှင့်တကွ ခန့်မှန်းတန်ဖိုး ငွေကျပ ၂၁၁၉၂၀၀၊ မြေအမျိုးမျိုးတင်ဆောင်လာသော 5F/---- Voxy Toyota (အမည်းရောင်)နှင့်အတူ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၉၇၉၂၀၀ အား လည်းကောင်း၊ ဟင်းချိုမှုန့် ၃၄၉ အိတ် အပါအဝင်အခြားကုန်ပစ္စည်းမျိုးစုံတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ဟန်ဌေး)**

ရွှေသာနှင်း - ဝါတွင်းအထူးနှုန်း (အပတ်စဉ်သောကြာ)
❖ ပုပ္ပါး၊ပုဂံ-ညောင်ဦး၊ (ခွယတောလေးဆူ၊ ပြည့်ဝေပြည့်)၊ ပခုက္ကူ (၃)ရက်။ 50000
ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း (၃)ရက်/တောင်ကြီး၊ အင်းလေး (၃)ရက်။ (စား+တည်း) 55000
ကျွဲကူမိ၊ စက်စ၊ (၃)ရက်။ 25000 June 20,27 July 4,10,18,25
❖ ဘီးလင်းမြို့-မလဆဗတော်ရှင်၊ ကျိုက်ထီးရိုးလေး၊ ပြည်တော်အေးစေတီ၊ ကျောက်ပရုပ်ဘုရား
❖ /ပုည်ဘုရားဆုံနှင့် ထုံးဘိုအကောက်စတောင် - ဇင်းရစ်/နေ့ပြည်တော်ဘုရားစုံ
၂၀၁ပ-ထပ၊၃၉လမ်း(အထက်) 392704, 09 50 66657, 09 420211358

249871, 255553, 389611, 09-5137245

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄/၆၊ မြေကွက်အမှတ-၁၂၃(ခ)၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေကွက်၊ မြေအတိုင်းအတာပေ(၂၀×၆၀)၊ ဧရိယာ ၀. ၀၂၇ဧက ၁၂၀၀စတုရန်းပေရှိသော မြေကွက်နှင့် ယင်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမိုးအောင်[၁၂/စခန(နိုင်)၀၆၂၅၉၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းမြင့်မြင့်ကြည်က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တန်ဖိုး တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ၂၀-၆-၂၀၁၄ရက်တွင် ကျန်ရှိသော ရောင်းဖိုးကျန်ငွေအားအပြေအကျေပေးချေမည်ဖြစ်ပါသဖြင့် အထက်ပါအရောင်းအဝယ်ပြုသောပစ္စည်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက အဆိုပါ ၂၀-၆-၂၀၁၄ ရက်မတိုင်မီ ပိုင်ဆိုင်ကြောင်း တရားဝင်အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်... ရောက်... ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း သိစေအပ်ပါသည်။

လဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိအိဖြိုး(စဉ်-၄၀၆၉၃) ဒေါ်လမ်းဝေအောင်(စဉ်-၃၀၂၉၈)
အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
အမှတ(၅၅)၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၈၃၈၂၉

### အရည်အချင်းစစ်ဆေးရန်အတွက် သတင်းပို့ရန်အကြောင်းကြားခြင်း

အားကစားနှင့်ကာယပညာဦးစီးဌာနမှ ၀၀-၅-၂၀၁၄ရက်နှင့် ၁၁-၅-၂၀၀၄ ရက မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများတွင် ကြော်ငြာခေါ်ယူထားသော လစ်လပ်ရာထူးနေရာများတွင် ခန့်ထားရန်အတွက် သတ်မှတ်ချက်နှင့်ကိုက်ညီသူများအား ရေး/ဖြေစာမေးပွဲနှင့် လက်တွေ့စစ်ဆေးခြင်းရေး၊ ၂၄-၆-၂၀၁၄ ရက်နှင့် ၂၅-၆-၂၀၁၄ရက်တွင် ရုံးအမှတ်(၃၁)၊ အားကစားဝန်ကြီးဌာန၊ နေပြည်တော်သို့ သတင်းပို့ရန်၊ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၀၆၀၃၉သို့ မေးမြန်းနိုင်ပါသည်။

အားကစားနှင့်ကာယပညာဦးစီးဌာန

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ(၄၀)၊ မြေကွက်အမှတ(၁၂၃)၊ (အလျားပေ၄၀×အနံပေ၆၀)ရှိ မခဲစိတ်ရသေးသော ခေါင်းရင်းခြမ်း(၀၂၃/က)၊ (အလျားပေ ၂၀×အနံပေ၆၀)မာဃလမ်းပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးမောင်ချစ်(CI-၀၄၂၄၉၅)[၀၂/လမတ(နိုင်)၀၁၉၂၃၆]အမည်ပေါက်ပါမစ်မြေအား စာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်ဝယ်ယူထားရှိ...လျက် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ရီ[၁၂/မဂဒ(နိုင်)၀၄၇၁၄၉]ထံမှ ကျွန်မဒေါ်... မရက(နိုင်)၀၉၉၈၆၂]မှ ...ပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည်သူ မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မေပြုံး[၀၂/မရက(နိုင်)၀၉၉၈၆၂]
အမှတ်(၆၁၆)၊ လပသားလမ်း၊ (၃၅)ရပ်ကွက်၊ မ/ဒဂုံမြို့နယ်။
ဖုန်း-၀၉-၅၁၄၀၇၅၀၊ ၉၀-၃၁၀၃၃၆၄၄

### ရောင်းမည်

မြေဧက(၂၀)၊ ရန်ကုန်- နေပြည်တော် အမြန်လမ်း၊ လှည်းကူးမြို့နယ်၊ မိုင်တိုင် ၁၇၊ ရန်ကုန်ဘက်အခြမ်း၊

ဆက်သွယ်ရန်ဖုန်း-၀၉-၅၃၁၁၉၆၃

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ... မြို့ရေးဦးစီးဌာနတွင် **ဦးတင်အောင်**အမည်ပေါက်မှတ်သားထားရှိသော ... ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၀၊ မြေကွက်အမှတ်-၂၀၉၊ မြေအကျယ်(၄၀×၆၀)ပေရှိ ပါမစ်မြေကွက်နှင့် **ဦးတင်စိန်**အမည်ပေါက်မှတ်သားထားရှိသော ... ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၀၊ မြေကွက်အမှတ်-၂၁၀၊ မြေအကျယ်(၄၀×၆၀)ပေရှိ ပါမစ်မြေကွက်အပါအဝင် ယင်းမြေကွက်(၂)ကွက်အပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံကတိပြုသူ **ဒေါ်ခင်စန္ဒာကျော်**(၁၄/ကလန(နိုင်)၁၃၇၃၄၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ(၅)ရက်အတွင်း မူရင်းစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ထွန်း**(LL.B.) **ဒေါ်ရီရီဝင်း** (LL.B,D.B.L)
**အထက်တန်းရှေ့နေ(စဉ်-၂၅၀၇၂)** **အထက်တန်းရှေ့နေ(စဉ်-၂၇၅၂၄)**
**အမှတ်-၅၆၇၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့်၃၅လမ်းကြား၊**
**ကျောက်တံတားမြို့နယ်၊ ... ဖုန်း-၀၉၇၃၀၇၂၁၃၁, ၀၉၈၆၂၇၀၅၄**

## သဘာဝအင်ဥမှိုများ ကလေးမြို့ဈေးကွက်တွင် ဝင်ရောက်၍ဈေးကောင်းရ

**ကလေး၊ ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး-တမူးလမ်းဘေးနှင့် ဂန့်ဂေါ-ကလေးလမ်းဘေးဝဲယာတစ်လျှောက်ရှိ အင်ဒိုင်းတောများ၌ မိုးဦးကျရာသီတွင် သဘာဝအတိုင်းထွက်ရှိလာသော အင်ဥမှိုများ ကလေးမြို့ဈေးကွက်သို့ဝင်ရောက်လာပြီး နို့ဆီဘူး တစ်ဘူးလျှင် ကျပ် ၅၀၀ အထိ ရရှိ၍ ကလေးမြို့ဈေးကွက်တွင် ရောင်းအားကောင်းနေကြောင်း သိရသည်။

အင်ဥမှိုသည် နှစ်စဉ်ဖြစ်ထွန်းသည့် ချိုင့်ကျင်းများတွင် ပေါက်ရောက်တတ်ပြီး ကျေးလက်နေပြည်သူတို့အနေဖြင့် အုပ်စုများဖွဲ့၍ မိုးရာထွက်ကြရာ အပိုဝင်ငွေရရှိနေကြသည်။

ထိုအင်ဒိုင်းမှိုများကို ကလေးဒေသတွင် အင်ဒိုင်းကြီး၊ အင်ဒိုင်းလေး၊ ကံကြီး၊ ကံသာယာ၊ မော်လိုက်ကလေး၊ စခန်းကြီး၊ စော်ဘွားရေရှင်၊ ဖက်ယားရေရှင်၊ ကျေးရွာများတွင် အများဆုံးလာရောက်ရောင်းချသည်ကို တွေ့ရပြီး ခမ်းဝတ်မထွက်ရှိသော အင်ဥမှိုတို့ကို တမူးနယ်စပ် မိုးရေး၊ နန်းဖာလုံဈေးအထိ သွားရောက်ရောင်းချကြကြောင်း သိရသည်။

အင်ဥမှိုများ ရောင်းဝယ်ရာတွင် တစ်တင်း၊ နှစ်တင်း စသည်ဖြင့်ချိန်တွယ်ရောင်းချသကဲ့သို့ လက်လီ၊ လက်ကားဈေးကွက်တွင် တစ်ပြည် နှစ်ပြည်စသည်ဖြင့် လည်းကောင်း၊ နို့ဆီဘူးဖြင့်လည်းကောင်း ချိန်တွယ်ရောင်းချကြကြောင်းသိရသည်။ ယခုရက်ပိုင်း အင်ဥတစ်တင်းကို ကျပ် ၂၀၀၀၀ ခန့်ကျင်အထိဈေးရှိနေပြီး နို့ဆီဘူးများဖြင့်လည်း လက်လီရောင်းချကြောင်းသိရသည်။

**လင်းလက်ကြယ်စင်**

## စီးထားသည့်ဖိနပ်ကျ၍ပြန်ကောက်ရာမှ ဘိုးပိုင်စက်ရိုက်မိ၍သေဆုံး

**ရန်ကုန်၊ ဇွန် ၁၈**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၃ ရက် ညနေ ၃ နာရီက ရန်ကုန်ဆေးရုံကြီးတွင် အမျိုးသားတစ်ဦး သေဆုံးရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နေ အောင်သီဟ (၂၁) နှစ်ဖြစ်ပြီး ၎င်းတွင် ဝဲခါးရိုးဖုံးရောင်ဒဏ်ရာရရှိသေဆုံးနေသည်ကို တွေ့ရသည်။

ထိုသို့ စစ်ဆေးစုံစမ်းချက်အရ သေဆုံးသူမှာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၀)ရပ်ကွက်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေစဉ် ၎င်းစီးထားသောဖိနပ်မှာ တူးလက်စဘိုးပိုင်တွင်းထဲသို့ ကျသွားခဲ့သဖြင့် ဆင်းကောက်ပြီး ပြန်အတက်တွင် ၎င်း၏ခါးအား ဘိုးပိုင်စက်မှ ဘားကပ်(တွင်းတူးကိရိယာ)ဖြင့် ရိုက်မိသဖြင့် ဒဏ်ရာရရှိခဲ့၍ ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်စဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။ ဒဂုံ(ဆိပ်ကမ်း)မြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၁၁/၁၄)ဖြင့် ရေးဖွင့်စစ်ဆေးလျက်ရှိသည်။

**၃၁**

## ဂန့်ဂေါမြို့နယ်အောင်သရဖူ သ/မအသင်းမှ ပညာရေးငွေပဒေသာပင်စိုက်ထူ

**ဂန့်ဂေါ၊ ဇွန် ၁၀**

ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက် အောင်သရဖူ သမဝါယမအသင်းလီမိတက်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇွန် ၁၅ ရက်နံနက်က ကျောတိုက်ရပ်ကွက် မူလတန်း(လွန်)ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါအောင်သရဖူ သမဝါယမအသင်းလီမိတက်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် အသင်းဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းဆင့်က ရပ်ကွက်မူလတန်း(လွန်) ကျောင်းပညာရေးငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဘဏ္ဍာရေးမှူးထံ ပေးအပ်လှူဒါန်းခဲ့ရာ ဘဏ္ဍာရေးမှူး ဦးတောက်လင်းက လက်ခံခဲ့ကြောင်း သိရသည်။

**(၄၆၅)**

## မင်းဘူးမြို့နယ်တွင် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ၁၁၅လုံး ပေးအပ်ပွဲ ပြုလုပ်

**မကွေး၊ ဇွန် ၁၈**

မင်းဘူးမြို့နယ်အတွင်း ကျေးရွာများရှိပြည်သူများအတွက် အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာ ၁၁၅ လုံးကိုကျေးရွာ အုပ်စု ၅၈ အုပ်စုမှ ကျေးရွာပေါင်း ၁၁၅ ရွာသို့ တစ်လုံးစီ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါမြို့နယ်များအတွက် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက်က မင်းဘူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို မင်းဘူးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ကိုပင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး၊ လက်ထောက်ကျန်းမာရေးမှူးတို့က အရေးပေါ် သုံးတိုင်းရင်းဆေးသေတ္တာ ၁၁၅ လုံးကို ကျေးရွာ အုပ်စု ၅၈ အုပ်စုမှ ကျေးရွာပေါင်း ၁၁၅ ရွာသို့ တစ်လုံးစီ ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။

အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများပေးအပ်ယ်သို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၅၀ ဦးခန့်တက်ရောက်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများမှ တစ်ရွာတစ်လုံးစီ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများရရှိခြင်းကြောင့်ကျေးရွာနေ ပြည်သူများကိုယ်စားပမ်းသာလျက်ရှိကြောင်းသိရသည်။

**ခင်မာလာ(မကွေး)**

## လူမှုဖူလုံရေးဥပဒေ ပညာပေးဇာတ်လမ်းရိုက်ကူးပြီးစီးပြီဖြစ်၍ ဇူလိုင်အတွင်း ပြသသွားမည်ဖြစ်

**ရန်ကုန်၊ ဇွန် ၁၈**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် ပတ်သက်၍ ပြည်သူများကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်ရိုက်ကူးထားသော ပညာပေးဇာတ်လမ်းမှာ ရိုက်ကူးပြီးစီးသွားပြီဖြစ်၍ ဇူလိုင်တွင် ထုတ်လွှင့်ပြသသွားနိုင်လိမ့်ဖြစ်ကြောင်း အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးယုလွင်အောင်က ပြောသည်။

"ဇာတ်လမ်း ရိုက်ကူးမှုအပိုင်းကတော့ ပြီးစီးသွားပြီ၊ ကျန်တာတွေဆက်လုပ်နေတယ်၊ ဇူလိုင်လဆန်းလောက်မှာပြဖြစ်မယ်။ မိနစ် ၄၀ စာကြာတဲ့ ဇာတ်လမ်းတစ်ဝုဒ်ပါ။ အဓိကကတော့ လူမှုဖူလုံရေးထဲ ဝင်ရင် သတိတွေရဲ့ဘဝတွေ လုံခြုံမှုရှိတယ်ဆိုတာကို ပြချင်တယ်။ နိုင်ငံသားတိုင်းလဲလုပ်သင့်တယ်လေ" ဟု ၎င်းက ပြောသည်။

> မမာမကျန်းဖြစ်ပွားလာလျှင် အခမဲ့ ဆေးကုသခွင့်၊ မီးဖွားခွင့် . . . . .

အဆိုပါ အသိပညာပေးဇာတ်လမ်းအား ဒါရိုက်တာ အကယ်ဒမီဇင်ယော်မောင်မောင်ရိုက်ကူးပြီး သရုပ်ဆောင် ပိုင်ဇေရဲထွန်းနှင့် မီးယုစံတို့ ပါဝင်သရုပ်ဆောင်ထားကာ ယခင် ၁၉၅၄ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့သည့် လူမှုဖူလုံရေးဥပဒေအစား နှစ်ပေါင်း ၅၈ နှစ်ကြာ ၂၀၁၂ ခုနှစ်၌ လူမှုဖူလုံရေးဥပဒေ ပြဋ္ဌာန်းခြင်းဖြစ်သည်။

ဥပဒေသစ်အရ အလုပ်သမားများအနေဖြင့် လူမှုဖူလုံရေးထည့်ဝင်ထားပါက မမာမကျန်းဖြစ်ပွားလာလျှင် အခမဲ့ဆေးကုသခွင့်၊ မီးဖွားခွင့်၊ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုများအတွက် အာမခံလျော်ကြေးများ အကျိုးခံစားခွင့်များရရှိမည်ဖြစ်ကြောင်း ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်လူမှုဖူလုံရေး ထည့်ဝင်ကြေးပေးသွင်းထားသူများမှာ ၂၀၁၂ ခုနှစ်တွင် မြန်မာကျပ်ငွေဖြင့် ပေးသွင်းသူ ၅၅၀၉၁၆ ဦး၊ အမေရိကန်ဒေါ်လာဖြင့်ပေးသွင်းသူ ၂၀၀၅ ဦးရှိခဲ့သည်။

၂၀၀၃ ခုနှစ်တွင် မြန်မာကျပ်ငွေဖြင့် ပေးသွင်းသူ ၆၁၁၂၀၉ ဦး၊ အမေရိကန်ဒေါ်လာဖြင့် ပေးသွင်းသူ ၁၂၇၇၆ ဦးရှိကြောင်းသိရသည်။

၂၀၁၄ မနှစ်တွင် ဖြန်မာကျပ်ငွေဖြင့်ပေးသွင်းသူ ၆၉၄၉၀၂ ဦး၊ အမေရိကန်ဒေါ်လာဖြင့် ပေးသွင်းသူ ၁၃၆၉၉ ဦး စုစုပေါင်း ၇၀၈၆၀၀ ဦးရှိခဲ့ပြီး ထည့်ဝင်သူဦးရေ ၁၀ ဒသမ ၃၁ ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်း လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ်မှသိရသည်။

**ဝင်မောင်ဦး**


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### စွမ်းအင်ဝန်ကြီးဌာန
### စက်သုံးဆီအရောင်းဆိုင်၊ သိုလှောင်ကန်စခန်းအသစ်များ တည်ဆောက်ဖွင့်လှစ်ရန်အတွက် အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ၊ စက်သုံးဆီသိုလှောင်ကန်စခန်းအသစ်များ တည်ဆောက်၍ လုပ်ငန်းလုပ်ကိုင်လိုသူများအနေဖြင့် အောက်ပါအချက်အလက်များ၊ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားနိုင်ပါသည်-

(က) လျှောက်ထားသူ၏အမည်/မှတ်ပုံတင်အမှတ်
(ခ) ကုမ္ပဏီအမည်/မှတ်ပုံတင်အမှတ်
(ဂ) ဆက်သွယ်ရန်လိပ်စာ
(ဃ) ဖုန်းနံပါတ်၊ email၊ Fax
(င) တည်နေရာနှင့်အကျယ်အဝန်း
(စ) လျှောက်ထားလိုသည့်လိုင်စင်အမျိုးအစား(အရောင်းဆိုင်/သိုလှောင်ကန်စခန်း)
(ဆ) သိုလှောင်ဖြန့်ဖြူးရောင်းချမည့် စက်သုံးဆီအမျိုးအစားနှင့် သိုလှောင်ကန်များ၏ ဝင်ဆံ့ဂါလန်ပမာဏ
(ဇ) ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထားများ-
(၁) အရောင်းဆိုင်/သိုလှောင်ကန်စခန်း၏ အကွက်ချပုံစံ (Lay out Plan)
(၂) တည်ဆောက်မည့် အရောင်းဆိုင်/သိုလှောင်ကန်စခန်း၏ Design ပုံစံနှင့် Detail Drawing
(၃) သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်

၂။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(ရောင်းချရေး) ဖုန်း-၀၆၇-၄၁၁၁၁၃ နှင့် ဒုတိယညွှန်ကြားရေးမှူး(ရောင်းချရေး) ဖုန်း-၀၆၇-၄၁၁၁၃၂ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ လျှောက်ထားသူများအနေဖြင့် အောက်ပါလိပ်စာသို့ လိပ်မူ၍ အဆိုပြုလျှောက်လွှာများကို ပေးပို့ရန်ဖြစ်ပါသည်-
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

**စွမ်းအင်ဝန်ကြီးဌာန**



### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိရေအားလျှပ်စစ်စီမံကိန်းများသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၄)လ (၂၀၁၄ခုနှစ်၊ ဩဂုတ်လမှနိုဝင်ဘာလ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁၈-၆-၂၀၁၄ ရက် |
| တင်ဒါအရောင်းပိတ်မည့်ရက် | - | ၂၇-၆-၂၀၁၄ရက် ၀၆း၃၀ နာရီ |
| Company Profile နှင့် တင်ဒါအာမခံငွေချက်လက်မှတ် နောက်ဆုံးတင်ပြရမည့်ရက် | - | ၂-၇-၂၀၁၄ရက် ၁၆း၃၀ နာရီ |

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁



### ငှားမည်

ရိုးမရိပ်သာလမ်းမ(၁၄၄)၊ တောင်ဒဂုံ စက်မှုဇုန်(ကညနအခန်း)၊ ၀၀(၄၀×၆၀) အမြင့်၂၅ ပေ၊ ဂိုဒေါင်၊ 40.H.P ရေ၊ မီးစုံ ကွန်တိန်နာဝင်/ထွက်ရသည်။
ဖုန်း-၀၉-၇၃၀၆၈၆၄၆



### MINI BUS (KIA)

လချုပ်
ငှားရန်ရှိသည်။
ဖုန်း-၀၉-၂၅၄၃၀၆၃၁၀



### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည့်ရန်ကုန်-စစ်တွေလမ်း(စစ်တွေအပိုင်း)၊ မဇင်-ငပလီ-မြပြင်-လုံးသာလမ်း၊ သံတွဲ-ငပလီလမ်း စသည့်လမ်းအပိုင်းများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းတို့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း(၀)လမ်းစီအတွက် လိုအပ်သော လမ်းခင်းကျောက်အရွယ်မျိုးစုံ၊ ဘိလပ်မြေနှင့် လမ်းခင်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါရုံးများတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) ရန်ကုန်-စစ်တွေလမ်း(စစ်တွေအပိုင်း)

| | | |
|---|---|---|
| လျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၁၈-၆-၂၀၁၄ရက် |
| လျှောက်လွှာပိတ်မည့်ရက်၊ အချိန် | - | ၂၉-၆-၂၀၀၄ရက် ၀၆း၃၀နာရီ |
| တင်ဒါဖွင့်မည့်ရက်၊ အချိန် | - | ၁-၇-၂၀၁၄ရက် ၁၄း၀၀နာရီ |
| တင်ဒါရောင်းချ/ဖွင့်လှစ်မည့်နေရာ | - | ခရိုင်အင်ဂျင်နီယာမှူးရုံး၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ် |

ဖုန်း - ၀၉-၆၈၁၉၇၈၇၊ ၀၉-၄၀၂၇၆၇၇၄၉၊ ၀၉-၂၅၀၉၀၂၀၀၄၊ ၀၆၇-၈၀၀၀၀၄၆

(ခ) မဇင်-ငပလီ-မြပြင်-လုံးသာလမ်းနှင့်သံတွဲ-ငပလီလမ်း

| | | |
|---|---|---|
| လျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၁၈-၆-၂၀၁၄ရက် |
| လျှောက်လွှာပိတ်မည့်ရက်၊ အချိန် | - | ၂၈-၆-၂၁၁၄ရက် ၀၆း၃၀နာရီ |
| တင်ဒါဖွင့်မည့်ရက်၊ အချိန် | - | ၃၀-၆-၂၀၁၄ရက် ၉း၁၀နာရီ |
| တင်ဒါရောင်းချ/ဖွင့်လှစ်မည့်နေရာ | - | ခရိုင်အင်ဂျင်နီယာမှူးရုံး၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်၊ |

ဖုန်း-၀၉-၄၄၈၀၀၁၀၀၆၊ ၀၉-၂၅၀၉၀၂၀၀၄၊ ၀၆၇-၈၁၀၀၁၄၆

# ကချင်ပြည်နယ်အတွင်း အကူအညီများပေးအပ်ရန် ဆွေးနွေး

ကချင်ပြည်နယ်အစိုးရ၊ အကူအညီများပေးရန် ဆွေးနွေးပွဲ တွေ့ရစဉ်။

မြစ်ကြီးနား ဇွန် ၁၈

ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းအား လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယပူးပေါင်းညှိနှိုင်းရေးမှူး Ms. Kyung Wha Kang ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည ဇွန် ၁၇ ရက် နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

ပြည်နယ်အတွင်း IDPစခန်းများရှိ မိသားစုဝင်များအား ထောက်ပံ့ပေးနေမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းရေး၊ ငြိမ်းချမ်းရေး ဆောင်ရွက်နေမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်းသိရသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့ တက်ရောက်ကြသည်။

ပြည်နယ်(မြန်/ဆက်)

# ကွန်ပျူတာတက္ကသိုလ်(သထုံ) ဝန်းကျင်တွင် ရဲတပ်ဖွဲ့ဝင်များ သန့်ရှင်းရေးပြုလုပ်

သထုံ၊ ဇွန် ၁၈

သထုံမြို့နယ်ရဲတပ်မှူး ရဲမှူးဉာဏ်လွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဇွန် ၁၅ ရက် က ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားနိုင်ရေး၊ ကျောင်းနှင့် ကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပရေးတို့အတွက် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများဆယ်ယူခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ လုပ်အားပေးခြင်းအား သထုံမြို့ရဲစခန်းနှင့် သမိုဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်အင်အား စုစုပေါင်း ၄၀ ကျော်က ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ကွန်ပျူတာတက္ကသိုလ်(သထုံ) ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဌေးတို့က အားပေးခဲ့ကြသည်။

သက်ဦး(သထုံ)

# ဝက်လက်မြို့နယ် ကျေးရွာချင်းဆက် ချောင်းကူးတံတား ဆောက်လုပ်ပြီးစီး

ဝက်လက်ရွှန်၊ ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သရက်ချိုနှင့် မင်းကန်ရွာအား ဆက်သွယ်ပေးသည့် ကျေးရွာချင်းဆက် ချောင်းကူးတံတားကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၄ ဒသမ ၆၇ သိန်း မတည်ပြီး ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၆၀ ကျော်တို့ဖြင့် တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ထိုသွားတံတားမှာ ယခင်က မော်တော်ယာဉ်များ ဖြတ်ကူး၍မရခဲ့သော်လည်း ယခု ယင်းချောင်းကူးတံတားမှာ အလျား ၇၀ ပေ အနံ ၁၂ ပေ အမြင့် ၁၃ ပေ ကွန်ကရစ်တိုင် ကျောက်စီနံရံသစ်သားခင်းတံတား ဖြစ်သည်။ အခြားကျေးရွာများမှလည်း တံတားပေါ်မှ ဖြတ်သန်းသွားနိုင်မည်ဖြစ်ပြီး ယင်းဒေသတွင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စရပ်များအတွက်လည်းကောင်း များစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

နန်းမြင့်

# မြောက်ဥက္ကလာပမြို့နယ်တွင် လုယက်မှုမှ ထွက်ပြေးတိမ်းရှောင်နေသူ နှစ်ဦးအား ဖမ်းဆီးစစ်ဆေးရာမှ အခြားလုယက်မှုများပေါ်ပေါက်

ရန်ကုန်၊ ဇွန် ၁၈

မြောက်ဥက္ကလာပမြို့နယ်နေ ဆိုင်ကယ်ကယ်ရီမောင်းသူ ကိုအောင်အောင်သည် မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ခေမာသီလမ်းနှင့် နယ်သာကီလမ်းထိပ်တွင် ဆိုင်ကယ်ကယ်ရီဆွဲရန်အတွက် ၎င်းပိုင် LM-125 ဆိုင်ကယ်ဖြင့် ဇွန် ၇ ရက် ည ၉ နာရီခွဲက ခရီးသည်စောင့်ဆိုင်းနေချိန် အမျိုးသားတစ်ဦးရောက်ရှိလာပြီး မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သီဟိုဠ်လမ်းသို့ပို့ဆောင်ပေးရန် ငှားရမ်းသဖြင့် လိုက်ပို့ပေးခဲ့သည်။

ထိုသို့ပို့ဆောင်ခဲ့ရာ သီဟိုဠ်လမ်းသို့အရောက်တွင် ခရီးသည်အမျိုးသားမှ ရပ်ခိုင်းပြီး ဓားဖြင့်ချိန်ကာ ဆိုင်ကယ်ပေါ်မှဆင်းခိုင်းစဉ် နောက်ထပ်အမျိုးသားနှစ်ဦး ထပ်မံရောက်ရှိလာကာ ၎င်းအား ဆောင့်တွန်းပြီး ဆိုင်ကယ်ကို လုယူမောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားစဉ် မြောက်ဥက္ကလာပမြို့မရဲစခန်းမှ လှည့်ကင်းရဲတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး ဖမ်းဆီးခဲ့ရာ မြောက်ဥက္ကလာပမြို့နယ်နေ ထူးဖြူ(ခ)မြင့်ဇော်ဦးအား ဖမ်းဆီးရမိခဲ့ပြီး၊ လုယူခံရသည့်ဆိုင်ကယ်အား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ထွက်ပြေးတိမ်းရှောင်သွားသူများမှာ ကိုနိုင်(ခ)ကိုကိုနိုင်နှင့် သီဟမင်းလင်းတို့ဖြစ်ကြောင်း သိရသည်။

၎င်းတို့အား မြောက်ဥက္ကလာပမြို့မရဲစခန်းက (ပ)၄၃၄/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်အရေးယူကာ ထွက်ပြေးတိမ်းရှောင်နေသူနှစ်ဦးအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အထူးတပ်ဖွဲ့ခွဲ၊ လူခိုးမှုစုံစမ်းရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ မြောက်ဥက္ကလာပမြို့နယ်နေ ကိုနိုင်(ခ)ကိုကိုနိုင် (၂၄) နှစ်နှင့် သီဟမင်းလင်း (၂၅) နှစ်တို့နှစ်ဦးအား ဇွန် ၁၀ ရက်က ဖမ်းဆီးရမိခဲ့သဖြင့် အမှုအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုနောက် ၎င်းတို့အား အခြားပြစ်မှုများကျူးလွန်ခြင်း ရှိ၊ မရှိ ဆက်လက်စစ်ဆေးရာ ကိုနိုင်(ခ)ကိုကိုနိုင်သည် ငမိုး(ခ)မောင်မိုးနှင့်အတူ မေ ၂၄ ရက် ည ၁၀ နာရီခွဲခန့်က အောင်မင်္ဂလာအဝေးပြေးဝင်းမှ ဆိုင်ကယ်ကယ်ရီငှားစီးခဲ့ပြီး မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သီဟိုဠ်လမ်းအရောက်တွင် ကယ်ရီသမား၏ ANBO -125 အနက်ရောင်ဆိုင်ကယ်ကို လုယူခဲ့ကြကာ ရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ငမိုး(ခ)မောင်မိုး (၁၉)နှစ် မြောက်ဥက္ကလာပမြို့နယ်နေသူအား ဆက်လက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကိုနိုင်(ခ)ကိုကိုနိုင်သည် ဧပြီ ၂၀ ရက် မွန်းလွဲ ၁ နာရီခန့်က မြောက်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက် ခေမာ ၂ လမ်းရှိ နေအိမ်တစ်အိမ်ရှေ့တွင်ရပ်ထားသော Dream- 110 အစိမ်းရောင်ဆိုင်ကယ်တစ်စီးအား ခိုးယူပေါင်နှံထားကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ယင်းကဲ့သို့ ပေါ်ပေါက်ချက်များအရ မြောက်ဥက္ကလာပမြို့နယ်ရှိ သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုများထပ်မံဖွင့်ကာ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(မြန်/ဆက်)

# သာကေတမြို့နယ်တွင် ရေခဲသေတ္တာအပူလွန်ရာမှ မီးလောင်မှုဖြစ်ပွားပြီး မီးငြိမ်းသတ်သူ ဒဏ်ရာရရှိ

ရန်ကုန်၊ ဇွန် ၁၈

သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ အောင်သပြေ(၅)လမ်း၌ ဇွန် ၁၄ ရက် ည ၁၂ နာရီက ဦးအောင်မြင့်(ခ)ဦးအေးမြင့်၏ နေအိမ်တွင် ရေခဲသေတ္တာ Safeguard အပူလွန်ကာမှ ရှော့ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့ပြီး ပတ်ဝန်းကျင်ရှိ နေအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ ပြည်သူများနှင့် မီးသတ်ယာဉ်များ ရောက်ရှိငြိမ်းသတ်ခဲ့သဖြင့် ၁၅ မိနစ်ခန့်အကြာ မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်ခြောက်လုံး ဆုံးရှုံးခဲ့ပြီး ဝိုင်းဝန်းမီးငြိမ်းသတ်သူ ကိုရဲဝင်းအောင်တင့် ဝဲ၊ ယာပါးနှင့် လက်မောင်းတို့၌ မီးလောင်ဒဏ်ရာ၊ ကိုမျိုးဇော်တွင် ယာလက်မောင်း၌ မီးလောင်ဒဏ်ရာတို့ရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာများအဖြစ် ကုသခံပြီး ဦးအောင်မြင့်(ခ)ဦးအေးမြင့်အား သာကေတနယ်မြေရဲစခန်းက (ဝ)၃၄၁/၁၄၊ ပြစ်မှုပုဒ်မ ၂၈၅/၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားသည်။

(၃၁)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P(Hlaw Gar) (USD)/D.D.P(Paung Laung) (Kyat) ဝယ်လိုပါသည်-

| | ရေအတွက် | မှတ်ချက် |
|---|---|---|
| Tender No.13/DHPI/Construction Power/2014-2015 | | |
| (က) 66KV ဓာတ်အားလိုင်း(၅.၅)မိုင်နှင့်ဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများ | 1Lot | D.D.P(Hlaw Gar)(USD) |
| Tender No. 14/DHPI/Construction Power/2014-2015 | | |
| (က) 11KV ဓာတ်အားလိုင်း(၄.၁)မိုင်အတွက်ပစ္စည်းများ | 1Lot | D.D.P(Paung Laung)(Kyat) |
| (ခ) 33KV ဓာတ်အားလိုင်း(၂)မိုင်အတွက်ပစ္စည်းများ | 1Lot | D.D.P(Paung Laung)(Kyat) |

၂။ နည်းပညာစချိန်စညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီခိုင်ပိတ်၍ ၁၆-၇-၂၀၁၄ ရက် ၁၂ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ နည်းပညာစချိန်စညွှန်းရမှတ (၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score)အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ အမှတ်(၁)ဓာတ်အားခွဲရုံ၊ ပဏ္ဍာသိဒ္ဓိအားကစားကွင်း၊ ဂိတ်အမှတ်(၃)အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၀၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၀၃၅၃၁

:01-512443, 09-73017656
ဖျာပုံ ပေါ်ဆန်းမွှေး
Ks-34000

လူပျောက်ကြော်ငြာ

ဦးမောင်မောင်ညွှန့်-ဒေါ်ဥမ္မာ(ထိန်တော)တို့၏သား မောင်ဖြိုးဇော်မင်း အသက်(၁၇)နှစ် ... ၆-၆-၂၀၁၄ ရက် (သောကြာနေ့) မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မလိခလမ်း နေအိမ်မှ ထွက်ခွာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၄၂၈၀၃၀၂၈၃၊ ၀၉-၃၂၂၀၃၂၀၁၊ ၀၉-၅၀၃၆၆၇၃

Soil Energy Company Limited
အမှတ်(၈)၊ သစ္စာလမ်း၊ (၀၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၇၀၇၇၁၊ ၀၉-၄၂၈၁၁၁၁၁၅၊ ၀၉-၄၂၈၁၁၁၁၁၆

(1) Chief Engineer — Male — (1)Post
ME,BE(Civil),Chief Engineer လုပ်ငန်းအတွေ့အကြုံ (၅)နှစ်နှင့်အထက် ရှိရမည်။ အသက် ၄၅ မှ ၅၅နှစ်ကြား စီမံကိန်းများကို ကျွမ်းကျင်စွာ ဦးစီးနိုင်သူ၊ စီမံကိန်းရှိရာ နယ်ခရီးများသို့ သွားနိုင်သူ ဖြစ်ရပါမည်။
(2) Project Engineer — Male — (2)Posts
BE or AGTI(Civil),PE လုပ်ငန်းအတွေ့အကြုံ (၅)နှစ်နှင့်အထက် ရှိရမည်။ အသက် ၃၀ မှ ၄၅ကြား၊ လုပ်ငန်းခွင်များကို ကျွမ်းကျင်စွာ ဦးစီးနိုင်သူ၊ စီမံကိန်းရှိရာ နယ်များသို့ သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရပါမည်။
(3) Site Engineer — Male — (5)Posts
BE,B.Tech,AGTI(Civil),Site လုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့်အထက်ရှိရမည်။ အသက် ၂၅ မှ ၄၀ ကြား၊ လုပ်ငန်းခွင်များကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သူ၊ စီမံကိန်းရှိရာ နယ်များသို့ သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရပါမည်။
(4) Manager (Admin) — Male — (1)Post
ဘွဲ့ရ Management နှင့်ပတ်သက်သော Diploma တတ်ရပါမည်။ Management နှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံ (၅)နှစ်နှင့်အထက်ရှိရမည်။ အသက် ၃၀ မှ ၅၀ကြား၊ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်ရပါမည်။ English စာ အရေး၊ အပြော ကျွမ်းကျင်ရပါမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာမူရင်း၊ လိုအပ်သောစာရွက်စာတမ်း အပြည့်အစုံနှင့်အတူ (၂)ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။
Address:No.8,Thit Sar Road,Yankin Township,Yangon,Myanmar.
Phone:(95-1)570771,(95-9) 428111115,(95-9) 428111116, Fax:(95-9)73204466
Website:www.soilenergy.com,E-mail:admin@soilenergy.com

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ရခိုင်ပြည်နယ်အတွင်းဥပဒေနှင့်အညီ စိစစ်ပေးရန်လျှောက်ထားသောသူများအား ရွှေ့ပြောင်းလျှောက်လွှာများ ကောက်ခံစိစစ်ပေးလျက်ရှိ

**ရန်ကုန်၊ ဇွန် ၁၈**

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်အတွင်းရှိ ဘင်္ဂါလီလူမျိုးများအား ဘင်္ဂါလီလူမျိုးအဖြစ် လက်ခံပြီး ၁၉၈၂ခုနှစ်၊ နိုင်ငံသားဥပဒေနှင့် အညီစိစစ်ပေးရန် တင်ပြလျှောက်ထားလာမှုကြောင့် ဇွန် ၁၅ ရက်မှစတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း ဦးစီးသော လဝကဝန်ထမ်းများက ရွှေ့ပြောင်းလျှောက်လွှာများ ကောက်ခံစိစစ်ပေးလျက်ရှိကြောင်း စစ်တွေမြို့ရှိ ပြည်နယ်လဝကရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီလူမျိုးများအား ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ စိစစ်ပေးနိုင်ရန် လွှတ်တော်တွင် တင်ပြဆွေးနွေးမှုများလည်းရှိပြီး ၎င်းပြင် ကျောက်ဖြူမြို့တွင်ကျင်းပခဲ့သော ရခိုင်အမျိုးသားညီလာခံ၏ တောင်းဆိုချက်များတွင် ပါဝင်ခဲ့သောကြောင့် နိုင်ငံသားစိစစ်ရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် မြေပုံမြို့နယ်အတွင်း ရွှေ့ပြောင်းလျှောက်လွှာများ စိစစ်ကောက်ခံမြင်းအား ဘင်္ဂါလီလူမျိုးများမှလည်း လိုလိုလားလား လက်ခံကြောင်း သိရသည်။

"မြေပုံမြို့မှာရှိတဲ့ ရခိုင်တိုင်းရင်းသားတွေနဲ့ တွေ့တော့ လုပ်သင့်တဲ့အလုပ်ဖြစ်လို့ လုပ်ပေးပါလို့ပြောသလို ဒေသမှာရှိနေတဲ့ ဘင်္ဂါလီတွေကိုမေးတော့ သူတို့ကလိုလားပြီး လုပ်ချင်တယ်လို့ ပြောပါတယ်။ ဘင်္ဂါလီလူမျိုးအဖြစ် စစ်ဆေးတာခံပြီး ရသင့်ရထိုက်တဲ့ ကတ်ပြားတစ်မျိုးမျိုးရဖို့ နိုင်ငံသားစိစစ်ရေးလုပ်ပေးပါဆိုလို့ အသက် ၁၈ နှစ်ပြည့်မီသူတိုင်းကို လုပ်ပေးမှာပါ။ မြေပုံမြို့နယ်က ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ခံတန်းကလည်း အေးအေးချမ်းချမ်းနဲ့ အကောက်ခံလို့ ရွေးချယ်လိုက်ရတာပါ" ဟု လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ပြောသည်။

လက်ရှိမြေပုံမြို့နယ်ရှိ ဘင်္ဂါလီလူမျိုးများအား နိုင်ငံသားစိစစ်ရေးအတွက် ရွှေ့ပြောင်းလျှောက်လွှာများ ကောက်ယူရာ၌ ဇွန် ၁၅ ရက်တွင် အထောက်အထားပြည့်စုံသူ ၄၇ ဦး၊ ဇွန် ၁၆ ရက်တွင် ၁၁၀ ကျော်ဖြစ်ပြီး ဆက်လက်စိစစ်ကောက်ခံသွားမည်ဖြစ်ကာ မြေပုံမြို့နယ်အတွင်း ကောက်ခံရရှိမည့် ဘင်္ဂါလီလူမျိုးအရေအတွက်သည် လူဦးရေ ၂၀၁၁ ကျော်နှင့် ရက်သတ္တပတ် တစ်ပတ်ကျော်ကြာနိုင်သည်ဟု ခန့်မှန်းထားကြောင်းလည်း သိရသည်။

၁၉၈၂ ခုနှစ် နိုင်ငံသားအက်ဥပဒေအရ နိုင်ငံသားစိစစ်ရေးအတွက် ရွှေ့ပြောင်းလျှောက်လွှာကောက်ခံခြင်းသည် ဘင်္ဂါလီလူမျိုးများမှ ၎င်းတို့ ဘင်္ဂါလီလူမျိုးဖြစ်သည်ကို လက်ခံပြီး ကိုယ်တိုင်လျှောက်ထားမှသာ ဆောင်ရွက်ပေးခြင်းဖြစ်ကာ ရခိုင်ပြည်နယ်၊ မြို့နယ် ၁၇ မြို့နယ်နှင့် မြို့နယ်ခွဲ သုံးမြို့နယ်ရှိ အခြားသော ဘင်္ဂါလီလူမျိုးများမှ ထပ်မံ၍လျှောက်ထားလာခဲ့ပါက လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ စိစစ်ကောက်ခံပေးသွားမည်ဖြစ်သည်။

ရွှေ့ပြောင်းလျှောက်လွှာ ကောက်ခံရာမှ ဘင်္ဂါလီလူမျိုးများ၏ အထောက်အထားများ၊ တစ်ဦးချင်းစီ၏ အချက်အလက်မှတ်တမ်းများအား လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပြည်စုံမှုရှိစေရန် ပြုစုဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် စိစစ်ရေးအဖွဲ့များမှတဆင့် ဗဟိုအဆင့် စိစစ်ရေးအဖွဲ့အထိ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြသွားမည်ဖြစ်ကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ဥက္ကဋ္ဌ)၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (အဖွဲ့ဝင်)၊ နိုင်ငံခြားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (အဖွဲ့ဝင်)၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (အဖွဲ့ဝင်) နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး (အတွင်းရေးမှူး) တို့ပါဝင်သော ဗဟိုအဆင့် စိစစ်ရေးအဖွဲ့မှ နောက်ဆုံး အဆုံးအဖြတ်ပေးပြီး ရသင့်ရထိုက်သည်ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

"ဗဟိုအဆင့် စိစစ်ရေးအဖွဲ့က အဆုံးအဖြတ်ပေးပြီး ရတဲ့ကတ်ပြားတစ်မျိုးမျိုးကို ထုတ်ပေးပြီး ကျမ်းကျိန်တာတို့ လုပ်မှာပါ။ မြန်မာနိုင်ငံမှာ သစ္စာရှိစွာနေမယ်၊ မြန်မာနိုင်ငံသားအဖြစ် ခံယူပါ့မယ်ဆိုပြီးတော့ပေါ့။ အဲ့လိုလူတွေက ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနဲ့ ကိုက်ညီတဲ့ ဘင်္ဂါလီတွေဖြစ်ပါတယ်" ဟု လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ပြောသည်။

လက်ရှိ ရခိုင်ပြည်နယ်တစ်ပြည်နယ်လုံးတွင် ဘင်္ဂါလီလူမျိုးလူဦးရေ ၁ ဒသမ ၀၃ သန်းရှိပြီး ဘင်္ဂါလီလူမျိုးဖြစ်ကြောင်း လက်ခံကာ နိုင်ငံသားစိစစ်ရေးအတွက် ရွှေ့ပြောင်းလျှောက်လွှာကောက်ယူရန် ကိုယ်တိုင်တင်ပြလာပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အသက် ၁၈ နှစ်ပြည့်ပြီးသော ဘင်္ဂါလီလူမျိုးများအား ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ စိစစ်ကောက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးအောင်ဇေ**

# မြိတ်တွင် တောင်သူ ၀၀၈ ဦးနှင့် မိုးစပါးစိုက်ပျိုးမှု ဆွေးနွေး

**မြိတ်၊ ဇွန် ၁၈**

တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် [illegible] ရပ်ပိုင်ဒေသရှိ World Vision တို့ပူးပေါင်း၍ ဇွန် ၁၄ ရက် နံနက် ၈ နာရီက ရပ်ပိုင်ဒေသ၌ တောင်သူ ၀၀၈ ဦးနှင့် တွေ့ဆုံ၍ မိုးစပါးစိုက်ပျိုးမှုကို GAP စနစ်ဖြင့် စနစ်တကျ လိုက်နာစိုက်ပျိုးရေး၊ ရာသီဥတုအခြေအနေအရ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရေး၊ စနစ်တကျ မျိုးကောင်း မျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေးနည်းစနစ်များကို ဆွေးနွေးပြောကြားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မျိုးစေ့တာပန်ခံ ဦးကျင်သိန်းက စပါးမျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများနှင့် ပုလဲသွယ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ ဒေသစပါးမျိုးများ သုံးနှစ်တစ်ကြိမ်သွေးသစ်လောင်းစိုက်ပျိုးရန်အတွက် ဆွေးနွေးခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အေးသန္တာစိုးက ကြွက်အန္တရာယ် ကာကွယ်နှိမ်နင်းရေး၊ စပါးဖျက်ပိုးများနှင့် ရောဂါကာကွယ်ရေး နည်းစနစ်များကို သိရှိလိုက်နာရန်နှင့် ဆောင်ရွက်ရန်၊ ရှောင်ရန်ကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးအေးပင်းက မြေဆီလွှာဆိုင်ရာ ပြဿနာများနှင့် ကုစားနည်းများ၊ ဓာတ်မြေဩဇာအမျိုးမျိုး၏ အာနိသင်နှင့် သုံးစွဲနည်းများ၊ EM ဘိုကာရှိ မြေဩဇာ သုံးစွဲနည်းများကိုလည်းကောင်း စသည်တို့ကို သင်တန်းပို့ချဆွေးနွေးခဲ့ပြီး လက်တွေ့ကွင်းဆင်း သရုပ်ပြသခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မြိတ်မြို့တွင် ကျောင်းသား၊ ကျောင်းသူများအတွက် ရတနာဗောဓိကျောင်းတိုက်၌ ဓမ္မစကူး(လ်)ဗုဒ္ဓဘာသာ သင်တန်းဖွင့်

**မြိတ်၊ ဇွန် ၁၈**

မြိတ်မြို့တွင် ကျောင်းသားကျောင်းသူများအား ဗုဒ္ဓဘာသာအခြေခံ၍ စာရိတ္တမြင့်တင်ရေးနှင့် လိမ္မာယဉ်ကျေးပြီး အနာဂတ်ဘဝတိုးတက်မြင့်မားစေရန်အတွက် ရတနာဗောဓိဘုန်းတော်ကြီးကျောင်း၌ ဓမ္မစကူးလ်ဗုဒ္ဓဘာသာသင်တန်းကျောင်းဖွင့်ပွဲကို ဇွန် ၁၄ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ထို့နောက် မော်တောင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒေါက်တာအရှင်ကောဝိဒက ဓမ္မစကူးလ်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ရွှေတိဂုဏ်စန္ဒာရဲ ဆရာတော်၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက် စာချဆရာတော်နှင့် မြိတ်မြို့နယ်စာရေးဆရာများနှင့် အသင်းဥက္ကဋ္ဌ ဦးဖိုးခွေးတို့က မမ္မစကူးလ်ကျောင်းတော် အောင်မြင်တည်တံ့ပျံ့နှံ့စေရန် အကြံပြုဆွေးနွေးကာ မြိတ်ခရိုင် သာသနာရေးဦးစီးမှူး ဦးတင်ဦးက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ယခုဖွင့်လှစ်သင်ကြားမည့် ဓမ္မစကူးလ်သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၁၀ ဦးခန့် တက်ရောက်သင်ကြားမည်ဖြစ်သည်။

**ခရိုင်ဖြိုး/ဆက်**


## ဖြူးမြို့၊ မဟာစည်သာသနာ့ရိပ်သာ
## ဝါတွင်းသုံးလ ဝိပဿနာတရားစခန်းဖွင့်ပြီ

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ပင်စင်လမ်း၊ မဟာစည်သာသနာ့ရိပ်သာအတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် (၃၈)ကြိမ်မြောက် ဝါတွင်းသုံးလ မဟာစည့်သတိပဋ္ဌာန် ဝိပဿနာအထူးတရားစခန်းဖွင့်ပွဲကြီးကို ဖြူးမဟာစည်ရိပ်သာများ၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရဓမ္မာစရိယ၊ ဓမ္မာကထိက၊ ကမ္မဋ္ဌာနာစရိယ MA,Ph.D နှင့် ဖြူးဆရာတော်၏တပည့် ဓမ္မကထိက သံဃာတော်များ၊ ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ တပည့်ဒါယကာ၊ ဒါယိကာမများ ဦးဆောင်၍ (၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်) ၁၂-၇-၂၀၁၄ ရက် (စနေနေ့)မှ ၁၆-၁၀-၂၀၁၄ ရက် (ကြာသပတေးနေ့)အထိ သုံးလတိုင်တိုင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီသူတော်စင်များသည် မိမိတို့ အခိဋ္ဌာန်ချက်ရှိသည့်အတိုင်း ရက်၊ လ၊ အပိုင်းအခြားဖြင့် ကြိုတင်စာရင်းပေးသွင်း၍ တရားအားထုတ် နိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

မှတ်ချက် - ရဟန်းသံဃာတော်များ ဝါမဆိုမီ ကြွရောက်လာကြပါရန် လျှောက်ထားပါသည်။

အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အချိုရည်လှူဒါန်းလိုသူများ-

ဖုန်း-၀၅၄-၄၀၀၁၂၊ ၀၅၄-၄၀၇၇၀၊ ၀၉-၅၃၉၀၄၀၇၊ ၀၉-၂၅၀၂၀၄၉၇၇၊ ၀၉-၅၀၅၆၁၀၇ ထို့ထို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



"Don't Worry, Just Speak!"
NELC
Nelson English Language Centre
Age 3-5
Pre School
Age 6-15
Regular Class
(Sat-Sun)
Age Over 16
Grammar(Basic)
Intro
Listening/Speaking-1
Level-1
Level-2
Level-3
IELTS(Foundation)
Contact:
Myaynigone-01 516681,526311,526380 Bo Aung Kyaw- 01256516,256517
Aung Tha Pyay- 01 501947,09 8612639 Yankin- 01 8550727,8550728



မီးသောက်ပန်းအဆင့်မြင့်မှုကြို
(၁၉၉၄-ခုနှစ်တွင် တည်ထောင်သည်)
"ဘယ်နေ့ပဲ တက်တက်၊ ဘယ်အချိန်ပဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မီးသောက်ပန်း ရှိနေမယ်"
နံနက်(၇း၀၀)နာရီမှ(၃း၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက် တပ်ဆင်ထားပါသည်။
(1) Juntion စေတနာ Ph:571545, 09-5126882
(2) ယုနေပလာဇာလုံးချင်းအိမ်ရာ Ph:200917,09-43122884
(3) ရန်ကင်း၊ကျောက်ကုန်း Ph:566592,09-421008133

# ဂန့်ဂေါမြို့တွင် နှမ်းကိုအဓိကစိုက်ပျိုး မိုးရွာသွန်း၍ နှမ်းစိုက်တောင်သူများ ဝင်ငွေတိုးလာ

[illegible] ဂေါ၊ ဇွန် ၈
မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် နှမ်းပါး စိုက်ပျိုးမှု [illegible] တောင်သူများ [illegible] နှမ်းကို အဓိကစိုက်ပျိုးကြ [illegible] မိုးရွာသွန်းမှုကြောင့် နှမ်းစိုက်တောင်သူများ [illegible] နှမ်းပေါင်းတိုး [illegible] ဝင်ငွေတိုးတက်ရရှိနေကြောင်း သိရသည်။

နှမ်းပေါင်းတိုး [illegible] ၃၀၀၀ ကျပ် [illegible] "ဒီနှစ် နှမ်းပေါ် [illegible]" [illegible]

[illegible]

## မြန်အောင်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးများပေးအပ်

မြန်[illegible] ဇွန် ၈
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာန၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်များက မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးများ [illegible] ဇွန် ၁၅ရက် [illegible] လွဲ ၂ နာရီခွဲက မီးသတ်ဦးစီးဌာန [illegible]တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မီးသတ်[illegible]စီးမှူး ဦးစိုးနိုင်က အဖွင့်ဟောပြောထ[illegible]ကာ ပြောကြားပြီး အရပ်ဘက် လူမှုအဖွဲ့အစည်းများကိုယ်စား [illegible] ကောက်သူများ၊ ကလေးများ [illegible] ငွေဂ[illegible]ရေးအဖွဲ့နှင့် အလှူရှင်များမှ ဝ[illegible]များအား ပညာသင်ကြေးများ ပေးအပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ နေဝင်းဇော်([illegible])

## ရေရှားပါးသည့်ကျေးရွာများတွင် မြေသားရေလှောင်ကန်များတူးဖော်

[illegible]က်လက်၊ ဇွန် ၈
ငက်လက်မြို့နယ်အတွင်း နွေရာသီ ရေရှားပါးသည့် ကျေးရွာများ ရေရရှိရန်အတွက် ၂၀၁၃-၁၄ ဘ[illegible]နှစ် နိုင်ငံတော်သမ္မတ၏ အ[illegible]သီသန့်ရန်ပုံငွေကျပ် ၇၆ ဒသမ ၁၅ သန်းဖြင့် မြေ[illegible]ားရေလှောင်ကန်များကို ကျေးရွာ[illegible]တွင် စက်ရေတွင်း ခြောက်တွ[illegible] [illegible]ဖော်ပေး[illegible]ည်ဖြစ်သည်။

မြို့နယ် ကျေးလက်[illegible]သ ဖွံ့ဖြိုး[illegible]တက်ရေးဦးစီးဌာန၏ ကြီးကြပ်မှု[illegible] ငွေ[illegible]င်တန်းကုမ္ပဏီမှ တာဝန်[illegible] ဖွန်လမှစပြီး ငက်လက်မြို့နယ် [illegible]ထာရေစင်ကျေးရွာ[illegible]င် ၄၀၀× [illegible] ပေ မြေသား[illegible]ရေလှောင်ကန်ကို [illegible] မိုးမကျမီ[illegible] အတွင်း [illegible]သား[illegible]ကန်မှု [illegible]မြန်ပြီးအောင် [illegible]မည်ဖြစ်သည်။ ရေတွင်း[illegible]ကန်မှု[illegible] ထုး[illegible] ပြီးစီးပါက ငက်လက်မြို့နယ်အတွင်း ရေရှားပါးသည့် [illegible]ကျေးရွာများတွင် ရေ[illegible] ပေါ်မှု[illegible]စွာရရှိမည်ဖြစ်၍ [illegible]ရွာ[illegible]ပြည်သူများ ဝမ်းမြောက် လ[illegible]က်ရှိကြောင်းသိရသည်။ မြို့နယ်ပြန်ဆက်

## ညောင်လေးပင်တွင် မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးရေး ဆိုင်းဘုတ်တင်

[illegible] ဇွန် ၈
[illegible]ူးယစ်ဆေးဝါး တားဆီးနှိမ်[illegible] [illegible]ပေါ်ပေါက်[illegible]တင်ရှက်ပေး ဆိုင်းဘုတ်နှင့် ပဲ[illegible]ဒေသကြီး လူကုန်ကူးမှုတားဆီး[illegible]ကွယ်ရေး ဆိုင်းဘု[illegible]င်ပွဲဖွင့်ပွဲကို ဇွန် ၁၇ ရက် နံနက် ၇ နာ[illegible]တွင် ပဲခူးတို[illegible]ကြီး ညောင်လေးပင်မြို့နယ်၊ မြို့မ[illegible]ရပ်ကွက် ထူတာလမ်းဆုံနှင့် နံနက် ၇ နာရီ ၅ မိနစ်က မ[illegible]ဒါင်လမ်းဆုံတို့၌ တစ်[illegible]က်တည်း[illegible]င်းပ[illegible]သည်။

မူးယစ်ဆေး[illegible] တ[illegible]ဆီးနှိမ်နင်းရေး ပူးပေါင်းပါဝင်[illegible]ဆောင်ရွက်ပေးဆိုင်းဘုတ်နှင့် လူ[illegible]န်ကူးမှု တားဆီးကာကွယ်ရေးဆိုင်းဘုတ်မှုအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်[illegible]ရေး[illegible] ဦးကျော်သီ[illegible]၊ မြို့နယ်ရဲ[illegible]ပ်ဖွဲ့မှူး ရဲမှူး[illegible]တင်[illegible] မြို့နယ်မူးယစ်ဆေးဝါးဆ[illegible]ကျင်ရေးအသင်း (MANA) ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း၊ [illegible]နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ [illegible]သိန်းနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ[illegible]ည်။

ဆိုင်းဘုတ်တ[illegible]ပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာဒ[illegible] အကဲ[illegible]၊ တာဝန်ရှိသူမ[illegible] မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး၊ ဒုရဲမှူး သက်[illegible] နယ်သိန်း[illegible]ငေါင်းဆောင် ရဲအုပ်ဝင်းထွဋ်ဓ[illegible]နှင့် တပ်ဖွဲ့ဝင်များ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်[illegible] မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သတင်းမီဒီယာ[illegible] [illegible]မ ([illegible]) [illegible]ပ်ကွက် အုပ်[illegible]ပ်ရေးမှူး ဦးငြ[illegible]င်ဆွေ[illegible] [illegible]ရပ်ကွက်များမှ အု[illegible]ပ်ရေးမှူးများ အင်အား [illegible]၀ [illegible]တက်[illegible]ဂ်ခဲ့ကြကြောင်း သိရသည်။ [illegible]

## သာစည်မြို့နယ်တွင် မနွှစပါး(ပုလဲသွယ်စပ်မျိုး) ဧက ၅၈ စိုက်ခင်းကွင်းသရုပ်ပြ

[illegible]စည်၊ ဇွန် ၈
မိတ္ထီ[illegible]ခရိုင် သ[illegible]စည်မြို့နယ် နှမ်းကန်ကျေး[illegible]ပ်စု [illegible]-၂၀၁၄ နွေစပါးစိုက်ပျိုးရာသီအတွင်း [illegible]ခဲ့[illegible] နွေစပါး(ပုလဲသွယ်စပ်မျိုး)ဧက ၅၀ စိုက်[illegible]ကွင်း[illegible]၁၆ ရက် [illegible]က်စ နာရီ[illegible]ကွင်းအမှတ် [illegible]၈၈၄[illegible] [illegible]င်ထူ ဦးဆန်း[illegible]ဦး၏ စိုက်[illegible]င်းတွင်သရုပ်ပြပွဲ[illegible]ပခဲ့သည်။

အဆိုပါသရုပ်[illegible]ပွဲတ[illegible] [illegible]လဲသွယ်[illegible]ပ်မျိုး[illegible]ပ်းစိုက်[illegible]အား စံကွက်ရိတ်သိမ်း[illegible] ထစ်ဧကလျှင်[illegible]င်းအမှော်ဆန့်[illegible]ပြီး စပါး ၁၈၀ ဒသမ ၇၅ တင်း [illegible]က်ရှိကြောင်း[illegible]ည်။

[illegible] သရုပ်ပြပွဲ[illegible] တိုင်းဒေသကြီးလွှတ်[illegible]ကိုယ်[illegible]ား ဂ[illegible]ယ် [illegible]မိုးမြင့်သိန်းနှင့် ခရိုင်စိုက်ပျိုးရေး[illegible]စီဌ[illegible]န[illegible] ဦးစီးမှူး ဦးတိုးမင်းဇော်က အမှာ[illegible]ကားပြော[illegible]ကြား[illegible]ယ် စိုက်ပျိုး[illegible]ဦးစီးဌာနမှ ဦးစီးမှူး ဦးကံခေ[illegible] သရု[illegible]ပွဲ ပြုလုပ်[illegible]င်းနှင့်ပတ်သက်ပြီး [illegible]ပ်လင်း[illegible]သ[illegible]။

ယင်းဒေ[illegible]င် စပါးမျိုးအ[illegible]က်အများရှိ[illegible]သော်လည်း ဒေသမျိုး၊ အဝ[illegible]ကောင်းမိုးနှင့် စပ်မျိုးစပါးတူ၍ရှိ[illegible]ကြောင်း ဂ[illegible] [illegible]သည်။

ထို့ပြင် ယ[illegible] အချိန်အ[illegible]ည် ရာသီဥတု[illegible]င်လဲ[illegible]ပြီ မိုးရာသီအ[illegible]န်ကာလ [illegible]တာင်းလာမှု[illegible]င့် [illegible] သူမှု[illegible]နဖြင့် သက်ထမ်းတိုသည် [illegible]စိုက်ပျိုးကြရန်[illegible] တို[illegible]ဘာသည့်လူဦး[illegible]အတွက် ဆန်စပါးလုံ[illegible]က်စွာ[illegible]ယ်[illegible]ပ်နိုင်ရန် [illegible]င်ပြီး ရေရရှိသော[illegible]သများတွင် ပုလဲသွယ်ကဲ့သို့ ဒ[illegible]ထွက်နှုန်းမြင့်မားသည့် [illegible]မျိုးများကို [illegible]ချယ်စိုက်ပျိုးကြရန်လိုအပ်ကြောင်း [illegible]ရိုင်ဦးစီး[illegible] ဦးတို[illegible]က ဆက်လက်[illegible]သည်။

ပုလဲသွယ်စ[illegible]ပါသည် ဒေသမျိုးများထက် ဒ[illegible]က်[illegible]နှစ်ဆမြင့်မားပြီ ဈေးကွက်ခိုင်မာလာ[illegible]ည်ဖြစ်[illegible]ည့်အတွက် [illegible]င်သူမှု[illegible]ဝင်[illegible]ငွေတိုးသည့် သီးနှံတစ်ခု[illegible]ပြီ သက်တမ်[illegible]င့်ဝ[illegible]င်း[illegible] သက်လတ်စပါး[illegible]များထက် [illegible]အ[illegible]သော[illegible] စိုက်ပျိုးသ[illegible]င်သိ[illegible]သ[illegible]။

[illegible]သရုပ်ပြပွဲကို လွှတ်[illegible]ယ်စားလှယ်များ မြို့နယ်[illegible]ပ်ချုပ်ရေးမှူး ဦးညွန့်ငွေ ခ[illegible]င်စိုက်ပျိုးရေးဦးစီးဌာန ဦးစီး[illegible] မြို့[illegible]ယ်စိုက်ပျိုးရေး ညှိ[illegible]ဆောင်ရွက်မှုကော်မတီဝင်မ[illegible]၊ မြို့နယ်စိုက်ပျိုးရေးဦး[illegible]ဌာနမှ ဝန်ထမ်းများ မြို့[illegible]ယ် [illegible]ထော[illegible]တီဥက္ကဋ္ဌ ဦးသ[illegible] မြို့မ[illegible]တန်း[illegible]င်မ်း[illegible]တန်း[illegible]ယ်မြေမှာ[illegible]ချုပ်ရေးမှူးများနှင့်[illegible]တောင်သူများ ထ[illegible]ရောက်ကြ[illegible] သိရသည်။ ထွန်းထွ[illegible]

POST ဝင်ခွင့်သင်တန်း
Tel: 09[illegible]161140
LO ဥပဒေအရာရှိ
ဗိုလ်ဒေ[illegible] ဈေးပြေဝင်ခွင့်တန်းခွဲ ဇွန်(၂၃) စမည်
စနေ-တနင်္ဂနွေတန်းခွဲ

ဦးရဲမင်းဂိုင်(သင်္ချာ) 09 420129333
၁၀တန်း ([illegible]ကျက်စာ) စာသင်ဝိုင်းများ
ညနေပိုင်းတ[illegible] ဘာသာစုံ ၂၀၀၀ကျပ်
၁၆၅ ဆိပ်ကမ်း[illegible] ဆိုးတန်းမှတ်တိုင်ဆင်

[illegible] နှစ်၊ [illegible] အငြိမ်းအစား ခရီးစဉ်
[illegible]
၀-၇-၂၀၁[illegible] မှ ၁၃-၇-၂၀၁[illegible]
[illegible] ၀၁ ၂၅၁၀၇၉ / ၀၉ ၅၁ ၅၅၆၄

# ညောင်ဦးမြို့နယ်တွင် တောင်ယာ၊ လယ်မြေများ ရောင်းချလာမှုများလာ ခြင်းကြောင့် အချိန်မီ တားဆီးရန်လို

မန္တလေး၊ ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၊ ကျေးလက်တော ရွာများမှ တောင်သူများမှာ မိုးခေါင်မှုကို အကြောင်းပြု၍ ၎င်းတို့ပိုင် ယာမြေများ က အခြားမြေများအဖြစ် ရောင်းစားရန် ပြင်ဆင်နေကြကြောင်းသိရသည်။

ယင်းနယ်ရှိ တောင်ယာများမှာ မိုးကောင်းကြိုက သီးနှံစိုက တောင်ယာများဖြစ် ပြီး လက်ရှိတွင် မိုးခေါင်သည့်ဒဏ်ကို ခံစားနေကြရကြောင်းသိရသည်။

အဆိုပါ မြေယာများအား စီးပွားရေးအဆင်ပြေသော ငွေကြေးတတ်နိုင်သော စီးပွားရေးလုပ်ငန်းရှင်များက မြို့နှင့်စပ်ဆက်လျက်ရှိသော မြေများကိုလည်း ကောင်း၊ ကားလမ်းဘေးဝဲယာကပ်လျက်ရှိသော မြေများကိုလည်းကောင်း ဒေသခံ ပေါက်ဈေးထက်ငွေပေးဝယ်ယူမှု များပြားနေလျက်ရှိကြောင်းသိရသည်။

ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းဘေး တစ်လျှောက်တွင်လည်း ကောင်း၊ ညောင်ဦး-မြင်းခြံ ကားလမ်းဘေး တစ်လျှောက်တွင်လည်းကောင်း ဒေသပေါက်ဈေး တစ်ဧက ဆယ်ငါးသိန်း၊ သိန်းနှစ်ဆယ်ဖြင့်သော်လည်း စီး ပွားရေးလုပ်ငန်းရှင်များက ယခုအချိန်တွင် သိန်းရာချီ ထောင်ချီ ပေးဝယ်လျက် ရှိသည်။

ထိုသို့ ဈေးပေးခြင်းကြောင့် တောင်သူများမှာ ဈေးကောင်းရသည်နှင့် ရောင်းချ လာမှုများကြောင့် လယ်ယာမြေများက သီးနှံစိုက်ပျိုးစားရန်ထက် လယ်ယာ ပေါက်ဈေးကိုသာ စိတ်ဝင်စားလာကြကြောင်းသိရသည်။

လယ်ယာမြေများပေါ်တွင် ကန့်ကရစ်တိုင်းများနှင့်လည်းကောင်း၊ သံဆူးကြိုး ဝိုင်းများနှင့်လည်းကောင်း ဝိုင်းခတ် သတ်မှတ်နေရာများ အများအပြား တွေ့ရှိ လာခဲ့သည်။

“ညောင်ဦး-မြင်းခြံ လမ်းဘေးမှာ လက်ယာဘက်ထက် လက်ဝဲဘက်ကို အဝယ်များကြတယ်။ လက်ယာဘက်က သိပ်မဝယ်ကြဘူး။ အခုနောက်ပိုင်းမှာ လက်ယာဘက်ပါ ဝယ်ယူဖို့ စီးပွားရေးလုပ်ငန်းရှင်တွေက ဈေးခေါ်နေကြတယ်။ အချို့စီးပွားရေး လုပ်ငန်းရှင်တွေက ဝယ်ထားပြီး ဈေးနိုင်မှ ဝယ်ပြီး ဈေးရရင် ပြန်ရောင်းကြတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ဝိုင်းကွက်လောင်းတယ်လို့ ပြောကြတယ်” ဟု အဆိုပါမြို့တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ထိုသို့ တောင်သူများက တောင်ယာမြေများ၊ လယ်မြေများကို အခြားမြေများ အဖြစ် ရောင်းဝယ်နေမှုအား အချိန်မီ ကိုင်တွယ်ဖြေရှင်းပေးပါရန်နှင့် ထိုသို့ မဖြေ ရှင်းပါက တောင်သူများမှာ နောင်တစ်ချိန်တွင် လယ်မဲ့ မြေမဲ့ ယာမဲ့ အလုပ်ကိုင်မဲ့ ဘဝရောက်ရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကျော်ရွေး(ညောင်ဦး)

## မကွေးစည်ပင်နှင့် NGO အဖွဲ့ဝင်များပူးပေါင်း၍ မြို့ပြသန့်ရှင်းရေးများဆောင်ရွက်

မကွေး၊ ဇွန် ၁၈

မကွေးစည်ပင်နှင့် NGO အဖွဲ့ဝင်များပူးပေါင်း၍ မြို့ပြသန့်ရှင်းရေးလုပ်ငန်းများကို ဇွန် ၁၄ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီး မြေလတ်မြို့တော် မကွေး မြို့သာယာလှပရေးအတွက် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းသည် အပတ်စဉ် စနေနေ့တွင် ပြည်သူအကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက်က မကွေးမြို့ ကမ်းနားလမ်း ယက္ခညီနောင် ရေပုံတော်ကြီး မှ စတင်၍ လမ်းဘေးဝဲယာ၌ရှိသော ချုံနွယ်ပိတ်ပေါင်းများ အမှိုက်များရှင်းလင်းကြပြီး အမှိုက်သယ် ယာဉ်များ အသုံးပြုလျက် ဆောင်ရွက်နေကြောင်း သိရသည်။

“ကျွန်တော်တစည်ပင်သာယာရေးအဖွဲ့ အနေနဲ့ အပတ်စဉ်စနေနေ့မှာ ပြည်သူအကျိုးပြု သန့်ရှင်းရေး ဆောင်ရွက်နေတာ သုံးနှစ်ရှိသွားပြီ။ ဒီနေ့တော့ ထူးခြားတယ်လို့ပြောရမယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စိမ်းလန်းစိုပြည်ရေးအဖွဲ့နဲ့ NGO ခုနစ်ဖွဲ့က ကျွန်တော်တို့နဲ့ပူးပေါင်းပြီး သန့်ရှင်းရေး အတွက် အမှုကောကြတယ်။ စည်ပင်အင်အား ၁၅၀၊ သတိအင်အား ၇၀ နဲ့ ဆောင်ရွက်ကြမယ်” ဟု မကွေးမြို့နယ် စည်ပင်သာယာ ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးနိုင်က ပြောသည်။

မကွေးလှမြင့်

## ရန်ကုန်တွင် ဇူလိုင်လမှစ၍ မိုးပွင့် – ၆ စီမံချက်ဖြင့် မှတ်ပုံတင် အိမ်တိုင်ရာရောက်ပြုလုပ်ပေးသွားမည်

ရန်ကုန်၊ ဇွန် ၁၈

ဇူလိုင် ၁ ရက်မှစတင်ဆောင်ရွက် ပေးမည့် မိုးပွင့် ၆ နိုင်ငံသားစိစစ် ရေးကတ်များပြုလုပ်ပေးသည့် စီမံ ချက်တွင် မှတ်ပုံတင်များကို အိမ်တိုင် ရာရောက် ပြုလုပ်ပေးသွားမည်ဖြစ် ကြောင်း ရန်ကုန်တိုင်းဒေသကြီး လဝက မကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန တိုင်းမှူး ဦးကြည်လင် က ပြောသည်။

အဆိုပါ အိမ်တိုင်ရာရောက်ပြုလုပ် ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၃၁ မြို့နယ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန် ရှိသည့် ၁၅ မြို့နယ်နှင့် ပြင်ပကျေးရွာ များကို မြို့နယ်ကျေးရွာအလိုက် စရင် များသတ်မှတ်၍ ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသ ကြီး လဝက မကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနမှ သိရသည်။

“အိမ်တိုင်ရာရောက် (Door to Door) စနစ်ပြုလုပ်ပေးတာကို လက် ရှိအချိန်မှာ ဇွန် ၁ ရက်ကစပြီး မြို့နယ် ၁၅ မြို့နယ်မှာ ဆောင်ရွက်ပေးနေပါ တယ်။ သန်းခေါင်စာရင်း ကောက်ယူ တဲ့ လုပ်ငန်းပြီးတာနဲ့ မေလထဲက စ တင်ဆောင်ရွက်ပေးနေတဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြား လုပ်ပေးတာတွေ ကို UNHCR ကလည်း ကူညီပံ့ပိုးပေး နိုင်ဖို့ လေ့လာနေတာတွေရှိတယ်။ အခုလို ပြုလုပ်ပေးနေတာတွေကို ငွေ ကြေးတစ်စုံတစ်ရာ ပေးစရာမလို ဘဲ ဝိုင်းပေးရတယ်ဆိုရင် ထိထိရောက် ရောက် အရေးယူဆောင်ရွက်သွား မယ်”ဟု ရန်ကုန်တိုင်းဒေသကြီး လ ဝက မကြီးကြပ်ရေးနှင့် ပြည်သူ့အင် အားဦးစီးဌာနတိုင်းဦးစီးမှူး ဦးကြည် လင်က ပြောသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ် ပုံတင်) ပြုလုပ်ပေးရာတွင် မိဘနှစ်ပါး ၏ အထောက်အထားများ၊ သွေးအမျိုး အစား၊ အိမ်ထောင်စုဇယားစသည် တို့ ဝါရှိရမည်ဖြစ်ပြီး အထောက် အထား လိုအပ်ချက်ရှိသော တိုင်းရင်း သားများကိုငါးဦးကော်မတီဖြင့်ပြု လုပ် ပေး၍ သွေးနှောများကို သက်ဆိုင် ရာမြို့နယ်ရုံးများတွင် ဆောင်ရွက် ပေးသွားမည်ဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ် ပုံတင်) ပြုလုပ်ရာတွင် ကန့်ကျင်ငွေမှ ကနဦးပြုလုပ်ခအဖြစ် ငွေကျပ်၊ အသက် ၁၀ နှစ်မှ ၁၈ နှစ်လဲလှယ်မှု အဖြစ် သုံးကျပ်၊ ပျက်စီးပျောက်ဆုံး များမတ္တူလျှောက်ထားမှု ၁၀ ကျပ် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ ၂၀၁၃ ခုနှစ် မေ ၃၁ ရက်အထိ နှင့် တစ်ဝန်း ဆောင်ရွက်ခဲ့သော မိုး ပွင့်တစ်မှ မိုးပွင့်ငါးအထိ စီမံချက်များ တွင် အိမ်ထောင်စုပေါင်း ၄၈၆၇၀၇ စနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေါင်း ၁၈၂၃ ကတ်ပြုလုပ်ပေး ပြီးဖြစ်သည်။

## ကျွန်းလုစာသင်ကျောင်းများတွင် စားသောက်ကုန်များလှူဒါန်း

ကျွန်းလှု၊ ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှ မြို့ အခြေခံပညာမူလတန်းကျောင်း များအတွက် အာဟာရဖြစ်စေမည့် စား သောက်ကုန်ပစ္စည်းများက ဇွန် ၁၆ ရက် နံနက်က မြန်ပေပေးခဲ့ကြောင်း သိရသည်။

ထိုအာဟာရဖြစ်စေမည့် စား သောက်ကုန်ပစ္စည်းများက စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

“ကျွန်မတို့ကျောင်းအတွက် ဂျပ်ဖာ ခြောက်ဖာရရှိပါတယ်။ ... မူလတန်းကျောင်းသား၊ ကျောင်းသူ ၂၄၆ ဦးအတွက် ကော်ဖီမစ်၊ တီးမစ်၊ နို့မစ်၊ သွားတိုက်ဆေး၊ သွားတိုက်တံ စတဲ့ပစ္စည်းတွေကိုလည်းဖြန့်ဝေပေး ခဲ့လို့ ရရှိခဲ့ပါတယ်” ဟု ကျောင်းအုပ် ဆရာမကြီးက ပြောပြသည်။

မျိုးဝင်းညို(ကျွန်းလှ)

## ဝန်ထမ်းအလိုရှိသည်

နယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဘွဲ့ရအမျိုးသား ဝန်ထမ်းများ အလိုရှိသည်။

၁။ BE(Civil) (၂)ဦး
၂။ B.Tech/A.G.T.I(Civil) (၂)ဦး

